# ပိုဇာလျှန်းဝေ

## ရိုက်ခတ်လာတဲ့ချစ်ပဲ့တင်သံ



● ပန်းချီသဇာ

# အခန်း(၁)

## (၁)

မွေးရပ်ဌာနေ မြန်မာပြည်သို့ မြန်မာမလေး သွန်းအိမ်စံ ပြန်လာပါပြီ။ စင်ကာပူ နိုင်ငံမှာ သုံးနှစ်တာကြာ သွားရောက်၍ ကွန်ပျူတာပညာကို ဆည်းပူးခဲ့သည်။

သင်တန်းပြီး၍ မြန်မာပြည်သို့ ပြန်ခဲ့ရသော သွန်းအိမ်စံရဲ့ရင်မှာ ပျော်ရွှင်ချမ်းမြေ့ နေရာမည့် အစား လေးလံထိုင်းမှိုင်းနေသည်။

မပြန်ခင် တစ်ပတ်က အစ်ကိုဖြစ်သူ ကောင်းစံထံမှ ရောက်ရှိလာသော စာကြောင့် သွန်းအိမ်စံရဲ့ နှလုံးသားတွေ ပူလောင် နွမ်းခြောက်နေသည်။

သုံးနှစ် ဆိုသောအချိန်အတွင်းမှာ ကောင်းစံ ဘာတွေလုပ်၍ ဘာတွေ ရှုပ်ခဲ့သည်မသိ။ ရင်လေးစရာကောင်းသော အကြောင်းများကို သူမထံအတိုချုံး၍ ရေးခဲ့သည်။

စင်ကာပူနိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်သော ချန်ဂီလေဆိပ်ဆီသို့ အငှားကားနှင့် သွန်းအိမ်စံ လာခဲ့သည်။ မြို့နှင့် တစ်နာရီနီးပါး မောင်းရသော ချန်ဂီလေဆိပ်သို့ ရောက်ခဲ့ပါပြီ။

အတွေးစတွေကို ဖြတ်တောက်ပြီး တက္ကစီခ ကျသင့်ရှင်းပြီးသည့်အချိန်မှာ လေဆိပ်ဝင်ခနှင့် ထမ်းဆောင်ရမည့် အခွန်အခ

အနည်းငယ်သာ သူမမှာ ရှိတော့သည်။ နောက်ဆုံးကိုင်ဆောင်ထားသည့် စင်ကာပူဒေါ်လာ အချို့ပင်ဖြစ်သည်။

ကိုယ်ထူကိုယ်ထစနစ်နှင့်မို့ ခရီးဆောင်သေတ္တာနှစ်လုံး၊ ဆွဲအိတ်တစ်လုံးကိုတွန်းလှည်းပေါ်တင်ပြီး တွန်း၍ ထွက်ခွာရမည့် လေဆိပ်ရဲ့ အခန်းဆီသို့ လျှောက်လာခဲ့သည်။

ချောမွေ့လှပသော သွန်းအိမ်စံရဲ့ သွယ်လျလျ ကိုယ်လုံးပေါ်မှာ အနောက်တိုင်း ဝတ်စုံဖြစ်တဲ့ တိုက်စကပ်၊ နက်ပြာရောင်၊ ရင်ဘတ် တစ်ခုလုံး ဇာပွင့်များနှင့် ပြည့်နှက်နေသော ဘလောက်စ်လှလှ၊ ပြီးတော့ . . . လေဒီရှူး အဖြူလေးနှင့် ရှိနေသည်။

ဖြူဝင်းသော အသားအရေက နုသည့်ဘက်သို့နွယ်နေသည်။ ပခုံးသာသာရှိသော မည်းနက် ခက်ဝေသော ဆံပင်တွေကို မစည်းမပြုဘဲ သည်အတိုင်း ဖားလျားချထားသည်။

အမ်အေအိုင် လေယာဉ်နှင့် ပြန်မည်မို့ လေယာဉ်ဆိုက်သည့် ထွက်ပေါက်ဆီသို့ လပ်ကေ့ချ်ထဲ ပစ္စည်းတွေအပ်ပြီး လျှောက်လာခဲ့သည်။ လက်ထဲမှာ စလင်းဘက်တစ်လုံးနှင့် လက်ဆွဲအိတ် ပေ့ါပေ့ါပါးပါး တစ်ခုသာ ပါသည်။

ဒေါက်မြင့် လေဒီရှူးလေးနှင့် ဆင်မယဉ်သာ လမ်းလျှောက်ဟန်နှင့် သွန်းအိမ်စံက လျှောက်လာ နေသည်။ စိတ်နှင့်လူ အစည်းမကပ်အောင် တွေဝေနေသည်။

အနောက်တိုင်း ဝတ်စုံကို ဝတ်ထားသော လူတစ်ယောက်နှင့် အမှတ်မထင် ဘေးချင်းတိုက်မိသည်။

“အို . . . ဆိုး . . . ဆောရီး”

လေယူလေသိမ်းက သိပ်ပြီး ပီပီသသရှိနေသည့် သူကို

အနောက်တိုင်းသား တစ်ယောက်လို့ပင် သွန်းအိမ်စံက ထင်လိုက်သည်။ ဖျတ်ခနဲ ထိုသူကို မော့ကြည့်လိုက်သည်။

မြင့်မားသော အရပ်၊ ကြံ့ခိုင် တောင့်တင်းသော ကိုယ်ခန္ဓာရှိသည်မို့ အနောက်တိုင်းသားလို့ပင် ထင်လိုက်သည်။ ယဉ်ကျေးမှုအရ ခွင့်လွှတ်သောအပြုံးနှင့် သွန်းအိမ်စံက ထိုသူရဲ့မျက်နှာကို ကြည့် အလိုက်၊ လှပသော မျက်ဝန်းလေး ဝိုင်းသွားသည်။

"အို"

သွန်းအိမ်စံ တွေ့လိုက်ရသည်က အလွန်မြန်မာဆန်သော မြန်မာ ယောကျ်ား ချောချော တစ်ယောက်ပါ။ ထိုသူရဲ့ မျက်ဝန်းတွေကို စိုက်ကြည့်မိခိုက်မှာ သွန်းအိမ်စံရဲ့ စောစောက ပြုံးချိုနေသော နှုတ်ခမ်းလေးတွေစု၍ တည်သွားသည်။

ထိုသူက သူမကို စူးစိုက် ကြည့်နေသည်။ သွန်းအိမ်စံကလည်း သူ့ကို တန်ပြန်ကြည့်နေသည်။ ရင်ထဲမှာ အမှတ်ရမှုတွေ ဖြစ်လာသည်။

သည်မျက်ဝန်းကို သွန်းအိမ်စံ ငယ်စဉ်က ရင်းနှီးခဲ့သည်။ ရွံ့ရှာခဲ့သည်။ မုန်းတီးခဲ့သည်လေ။ သည်မျက်ဝန်းတွေကို မမှတ်မိဘဲ ရှိပ့ါမလား။

ထိုသူကို စိုက်ကြည့်ပြီးမှ အကြည့်ကို မြန်မြန်လွှဲပြီး။ သုတ်သုတ်ကလေး သူ့အပါးမှ လျှောက်ထွက်ခဲ့သည်။

"ငယ်ငယ်က သိပ်ပြီး အမြင်ကတ်စရာ ကောင်းတဲ့ ရှင်းသန့်နဲ့ သိပ်တူတာပဲ၊ ရှင်းသန့်များလား"

မျက်မှောက်လေးကြုတ်ပြီး တွေးလိုက်သည်။ ရှင်းသန့်မဖြစ်နိုင်လို့လည်း တွေးမိပြန်သည်။

"ရှင်းသန့်က ဆင်းရဲသားပဲ၊ ဒီလိုသားသားနားနား ရှိမနေနိုင်ပါဘူး"

စောစောက တွေးမိသော အတွေးကို ငြင်းဆန်လိုက်သည်။ ရပ်ထားသော

ကားဆီသို့ သွန်းအိမ်စံ လှမ်းတက်လိုက်သည်။ ထိုသူက သူမ နောက်ပါးက ပါလာသည်။ ထိုသူကို မကြည့်မိအောင် အကြည့်ကို လွှဲထားသည်။

စိတ်ထဲမှာတော့ စောစောကထက် ပိုပြီး ထိုင်မှိုင်းသွားသည်။ သွန်းအိမ်စံသည် စိတ်ထား ယုတ်ညံ့သော မိန်းကလေး မဟုတ်ပါ။ သူနဲ့ ပေါင်းသင်းခဲ့သမျှသူတွေ သွန်းအိမ်စံမှာ စိတ်ကောင်းရှိ သည်လို့ ပြောခဲ့ကြတယ်။

ဒါပေမယ့် သွန်းအိမ်စံမှာ၊ ထိုသူကိုတွေ့ပြီး မုဒိတာ မပွားနိုင်အောင် ဖြစ်နေသည်။

“ရှင်းသန့်ဆိုတဲ့ အစုတ်ပလုတ်က ဒီလိုကြီးပွားနေမှာ မဟုတ်ပါဘူး။ နိုင်ငံခြားဆိုတာ သူ့အတွက် အိပ်မက်ထဲတောင် ထည့်မက်လို့ မရတာ ပဲ”

ရှင်းသန့်ဆိုသောသူကို လွန်စွာအထင်သေးပြီး ပစ်ပစ်နှစ်နှစ်ကြီး ဝေဖန်လိုက်သည်။

လေယာဉ်ပေါ်သို့ ရောက်ခဲ့ပါပြီ။ ထိုသူနှင့် ခုံချင်း ကပ်လျက်မဟုတ်၍ သွန်းအိမ်စံ စိတ်ထဲမှာ ပေါ့ပါးသွားသည်။ လေယာဉ်ထဲရှိ အနီးအနားက ကမ္ဘာလှည့်ခရီးသည်အချို့ကို ကြည့်ရင်းနှင့် ထိုသူ့ထံ သို့ အကြည့်က ရောက်သွားသည်။

သူမကို စူးစိုက်ကြည့်နေသည်ကို တွေ့ရသည်။ ထိုအကြည့်များထဲမှာ သူမကို သိရှိမှတ်မိ နေသည့် အသိများကို တွေ့ရသည်။ ထိုသူ့ထံမှ အကြည့်ကိုလွှဲလိုက်သည်။ ချောမောသော ရုပ်ရည်ရှိသလို၊ ယောကျ်ားပီသသော ထိုသူရဲ့ အကြည့်များကြောင့် ရင်ခုန်မိသည်မှာ အမှန်ပါ။

နောက်မှီကို ခေါင်းမော့ကာမှီပြီး မျက်လုံးက မှေးစင်းထားသည်။ ထိုသူကို သူမရဲ့ မှတ်ဉာဏ် ထဲမှာ သိကျွမ်းနေသလို ခံစားရသည်။

အသိဉာဏ်ထဲမှာ ပြေးပြေးလွှားလွှားနှင့် အလောတကြီး

ရှာဖွေကြည့်သည်။ တဖြည်းဖြည်း သူမရဲ့ အသိအာရုံထဲမှာ သူရဲ့အမည်ကို တူးဖော်တွေ့ရှိလိုက်ပါသည်။ စောစောက ဇဝေဇဝါရှိခဲ့မှုများ ပြန်လည်ပြီး ပီပြင်လာပြန်သည်။

"ရှင်းသန့်"

အလန့်တကြား ရင်ထဲမှာ ထိုအမည်ကို ရေရွတ်မိသည်။ ရှုံ့ရှာမုန်းတီးသောစိတ်များ အလုအယက် ဝင်လာသည်။

"အဲဒီ လူက ရှင်းသန့်ဖြစ်ဖို့ ရုပ်ရည်က သေချာသလောက်ပဲ"

ပထမဦးဆုံး ကြည့်မိစဉ်က ရှင်းသန့်လို့ မရေမရာ ရှိခဲ့သော အတွေးက ဒုတိယအကြိမ် ကြည့်မိပြီးသည့်နောက် ပို၍ သေချာသွားသည်။

"ဆယ်တန်း အောင်ပြီးကတည်းက ရှင်းသန့် ငါတို့မြို့က ပျောက်သွားခဲ့တယ်၊ သူဟာ ရှင်းသန့် မဖြစ်နိုင်ဘူးလို့လဲ ပြောလို့မရဘူး"

တစ်ယောက်တည်းပင် မျက်မှောက်လေး ကြုတ်ပြီးတွေးနေသည်။

"ရှင်းသန့်လိုလူမျိုးက ဒီလိုသားသားနားနား ရှိနိုင်ပါ့မလား၊ နိုင်ငံခြားဆိုတာ သူနဲ့ ဘယ်လိုမှ ပတ်သက်လို့မရတဲ့ အခြေအနေပါ"

အလွန်အထင်သေး၊ အမြင်သေးစွာနဲ့ပဲ ရှင်းသန့်ဆိုသောသူကို ဝေဖန်နေလေသည်။ လေယာဉ်ပေါ်မှာ စီးနင်းလိုက်ပါလာသော အချိန်သုံးနာရီလုံးလုံးမှာ ရှင်းသန့်ရဲ့ အကြောင်းများကိုသာ များများတွေးလာမိသည်။

ရန်ကုန်လေဆိပ်သို့ရောက်တော့ ထိုသူက သူမရဲ့နောက်တော်တော်လှမ်းလှမ်းမှာ ကျန်ရစ်ခဲ့သည်ကို တွေ့ရသည်။

အကောက်ခွန်ဌာနက စစ်ဆေးပြီးပစ္စည်းများကို တွန်းလှည်းနှင့်သယ်ပြီး ထွက်လာခဲ့သည်။ လာကြိုနေသော အစ်ကိုဖြစ်သူ ကောင်းစံကိုတွေ့ရသည်။

“ဟယ် . . . သုံးလေးနှစ်အတွင်းမှာ သွန်းအိမ်က သိပ်ပြီးထွားလာလှလာတယ်”

ကောင်းစံတစ်ယောက် ဆီးပြီး သူမကို သူမကို မျက်နှာချိုသွေးနေသည်ကိုသိပါသည်။ သူမရဲ့ လက်မောင်းကိုဖက်တွယ်လာသော ကောင်းစံရဲ့လက်တွေကို ဖယ်ရှား မပစ်မိလိုက်ပါ။ ကောင်းစံပြော ဆိုနေသည်ကို နားထောင်ရင်း စောင့်နေသောကားဆီ လျှောက်လာခဲ့သည်။

“သွန်းအိမ်ကို ကြိုဖို့ ကိုကိုကောင်းစံ ကားငှားခဲ့တာလေ”

အကောင်းစား ပရိုက်ဗိတ်တက္ကစီတစ်စီးကို ကောင်းစံက ငှားခဲ့သည်ပဲ။ သွန်းအိမ်စံရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ ငယ်စဉ်ကလေးဘဝတည်းက ကိုယ်ပိုင်ကားကိုသာ ထည်လဲစီးခဲ့ရသော သူမရဲ့ဘဝ။ ခုတော့ အငှားကားကို စီးနေရပါလား။

ကောင်းစံငှားလာသောကားပေါ်သို့ လှမ်းတက်ရင်း ရှင်းသန့်ကိုများ တွေ့လေမလားလို့ မျက်လုံးဝေ့ပြီး ကြည့်သည်။ မတွေ့ပါ။ ရှင်းသန့် တစ်ယောက် နောက်ဆုံးမှ အကောက်ခွန်ရဲ့ စစ်ဆေးမှုကို ခံနေသည်လေ။

ရှင်းသန့်လိုသာ ထိုသူကိုခေါ်ဝေါ်မိပေမယ့် တကယ်ရှင်းသန့် အစစ်ဟုတ်မဟုတ်ကို သေသေ ချာချာရင်ထဲမှာ လက်မခံမိသေးပါ။

ပြောင်းလဲနေသော ရန်ကုန်မြို့၏ ရှုခင်းကို ငေးကြည့်ရင်းနှုတ်ဆိတ်စွာနှင့်ပဲ သွန်းအိမ်စံ လိုက်ပါလာသည်။

*

# (၂)

ကားလေး ခေါ်ဆောင်ရာ နောက်သို့ နှုတ်ဆိတ်ပြီး ပါလာခဲ့သည်။ စံရိပ်ငြိမ်ခြံကြီးဆီသို့ ရောက်ခဲ့ပြီး၊ စံရိပ်ငြိမ် ဝင်းတံခါးကြီးကနေ ခြံတွင်း ဝင်ခဲ့ပါသည်။

သွန်းစံအိမ်ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ပျော်ရွှင်စွာ စံမြန်းနေထိုင်သော ကြီးမားသည့် နှစ်ထပ်တိုက်ကြီးကို တွေ့ရပါပြီ။ သည်အိမ်ကြီးကို မြင်ရလေတော့ ကွယ်လွန်သွားရှာသော မိဘများကို တမ်းတမိသည်။

အိမ်ကြီးရဲ့ ဆင်ဝင်အောက်သို့ ကားက မသွားဘဲ နောက်ဘက်တန်းလျားဆီသို့ ရွေ့လျား သွားသည်။ တံခါးများပိတ်ထားပြီး တိတ်ဆိတ်နေသော အိမ်ကြီးကိုတွေ့ရပြီ။ ရင်ထဲမှာ စိုးရိမ် ထိတ်လန့်တကြီးလည်း ဖြစ်သွားသည်။

"အိမ်ကြီးကို ရောင်းလိုက်ပြီလား ဟင်"

စိုးရိမ်မှုဖြင့် အဖျားခတ်နေသော အသံလေးဖြင့် သွန်းအိမ်စံက မေးသည်။ ကောင်းစံရဲ့ မျက်နှာ သိပ်ကို မသာမယာ ရှိနေသည်။

"အဲဒီ အကြောင်းတွေ နောက်မှ ပြောမယ်"

ကားသမားကို၊ ခြံနောက်ဘက်ဆီသို့ လက်ပြ မောင်းခိုင်းသည်။

ကားသမားရှေ့မို့ သွန်းအိမ်စံလည်း ဆက်မမေးဘဲ ခဏသည်းခံ စောင့်စားနေသည်။

နောက်ဘက် အလုပ်သမား တန်းလျားရှေ့မှာ ကောင်းစံက ကားကို ရပ်ခိုင်းပြီး ကျသင့်ငွေကို ပေးချေကာ၊ ကားပေါ်မှ ဆင်းသည်။ သွန်းအိမ်စံရဲ့ ပစ္စည်းများကို ကားပေါ်က ချသည်။ ကောင်းစံကို စူးရှသော

မျက်ဝန်းတည်တည်တွေနှင့် သွန်းအိမ်စံ ကြည့်နေသည်။

ကားထွက်သွားမှ သွန်းအိမ်စံက ကောင်းစံကို လေသံမာမာနှင့် မေးသည်။

“ဒါ ဘာသဘောလဲ ကိုကိုကောင်းစံ၊ ဘာလို့ အိမ်မှာ မရပ်ဘဲ၊ ဒီတန်းလျားရှေ့မှာ လာရပ်ရတာ လဲ”

“ဒီတန်းလျားက ကိုကိုတို့ အိမ်ဖြစ်သွားပြီလေ”

“ဘာ”

လက်မခံနိုင်လွန်းစွာနှင့် နာကျင်စူးရှလွန်းသော အသံက သွန်းအိမ်စံရဲ့ နှုတ်ဖျားက ဆောင့်ခုန် ထွက်သွားသည်။

“ဟုတ်တယ် ညီမလေးရယ်၊ အဲဒီ အိမ်ကို ရောင်းပြီး စရံငွေကိုတောင် ကိုကိုကောင်းစံ လက်ခံထားပြီးပြီ”

မအီမလည် မျက်နှာကြီးနှင့် ကောင်းစံက သူမ၏ တည့်တည့်အကြည့်ကို ရှောင်ရင်းနှင့် ပြောလာသည်။ ပါးစပ်လေး အဟောင်းသားနှင့် ထိတ်လန့် အံ့ဩစွာ သွန်းအိမ်စံက ကောင်းစံကို ကြည့်နေသည်။

“ဘာ ဘာပြောတယ် ကိုကိုကောင်းစံ”

“အဲဒီ အိမ်ကြီးကို ရောင်းလိုက်ရပြီ ညီမလေးရယ်”

ရုတ်တရက်သွန်းအိမ်စံရဲ့ မျက်နှာလေး၊ မကောင်းဆိုးရွားတစ်ကောင်ကို မြင်လိုက်ရသလို၊ ဖြူဖွေးသွေးဆုတ်သွားသည်။ ရင်ထဲမှာ စူးခနဲ အောင့်သက်သွားသည်။ အသက်ရှူသံတွေပင် ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။

“ဘာတွေ ဘယ်လို ဖြစ်သွားကုန်တာလဲ၊ သွန်းအိမ်စံ ဒီကခွဲသွားတာလေးနှစ်လေးပါ ကိုကိုကောင်းစံ၊ ဒီလောက်အချိန်အတွင်းမှာ

ကိုကိုကောင်းစံ ဘာတွေ လုပ်လိုက်ပြီလဲ”

သွန်းအိမ်စံရဲ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်အိုင်လာပြီး၊ ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် ကျလာသည်။

“ဒါတွေ တကယ်ပဲလား၊ စံရိပ်ငြိမ်အိမ်ကြီးက သူများလက်ထဲ ရောက်သွားပြီလား”

“ကဲ . . . လာပါ ညီမလေးရယ်၊ ခရီးရောက်မဆိုက် စိတ်မကောင်းစရာတွေကို ခဏထားလိုက် ပါဦးကွယ်”

ကောင်းစံသည် ကြင်နာစွာ သူမရဲ့ လက်မောင်းတွေကို ကိုင်တွယ်လာသည်ကို ကြမ်းကြမ်း တမ်းတမ်းပင် ပုတ်ခတ်ပစ်လိုက်သည်။

“ကိုကို ကောင်းစံ သိပ်ရက်စက်တယ်”

“ကဲပါကွာ၊ အိမ်ထဲဝင်ပါဦး”

ငယ်စဉ်တောင်ကျေး ကလေးဘဝတည်းက အဖက်လုပ်ပြီးတောင် ခြေဦးမလှည့်ဖူးသော အလုပ်သမား တန်းလျားများသည် ခု သူမနေရမည့်နေရာတဲ့လေ။

မခံမရပ်နိုင်အောင် ရင်မှာ စူးရှနာကျင်နေသည်။ ကောင်းစံကိုလည်း ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသမီးတွေဝုန်းခဲ့ ထ,လောင်နေသည်။

ကြိမ်ဆက်တီတစ်စုံ မင်းမူနေသော တန်းလျားရဲ့ ဧည့်ခန်းဆီသို့ ပြင်းထန်သော ခြေသံတွေနှင့် သွန်းအိမ်စံဝင်ခဲ့သည်။

“ထိုင်ပါဦး ညီမလေးရယ်၊ စိတ်ကိုလျှော့ထားလိုက်ပါ၊ လောကကြီးမှာ ဘာမှ မတည်မြဲဘူးဆိုတာ ကို နှလုံးသွင်းထားပါ”

စူးရဲတောက်ပြောင်နေသော ဒေါသမျက်ဝန်းများနှင့် ကောင်းစံကို ရင်ဆိုင်လိုက်သည်။

"လုပ်ချင်တာလုပ်ပြီးမှ သွန်းအိမ်ကိုလာပြီး တရားချမနေနဲ့ မကျနိုင်ဘူး ကိုကို ကောင်းစံ"

ထက်မြက်ရဲရင့်တဲ့ သွန်းအိမ်စံရဲ့ စိတ်ထားကို သိနေသော ကောင်းစံအဖို့ သွန်းအိမ်စံလက်ခံ လာအောင် မနည်းကြီး ဖြေရှင်းသိမ်းသွင်းရမည်ဆိုတာ နားလည်နေလိုက်သည်။

သူနှင့် အသက်ငါးနှစ်ကွာခြားသော သွန်းအိမ်စံကို မိဘနှစ်ပါးလုံးက အလိုလိုက် အကြိုက် ဆောင်ထား၍ သွန်းအိမ်စံရဲ့ တဇွတ်ထိုး တယူသန်စိတ်ကိုလည်း ကောင်းစံသိရှိနေသည်။

သွန်းအိမ်စံသည် စိတ်ထားဖြူစင်သော မိန်းကလေးပေမယ့် မိဘများက လိုတရပုံစံနှင့် ထားခဲ့သည်။ ချမ်းသာကြွယ်ဝသည်။ ထိုအရှိန်များကြောင့် သွန်းအိမ်စံမှာ မာနတရားဆိုတာ အလိုလို ရှိနေသည်။

သွေးကြီးမွေးကြီးသည့် စိတ်ထားကလည်း မွေးယူစရာမလို။ အလိုလို ရင်မှာ သန္ဓေတည် ခဲ့ပြီးသား။ ဆင်းရဲချို့တဲ့ကျဆုံးခြင်းဆိုတာကို သွန်းအိမ်စံရဲ့ နှလုံးသားက လုံးဝလက်မခံနိုင်ပါ။

"ဖေဖေ ဆုံးသွားပြီးတဲ့နောက် ကိုကိုကောင်းစံရဲ့ စီးပွားရေးက၊ တဖြည်းဖြည်း ကျဆင်းလာတာ ညီမလေးမှ မသိဘဲ"

ကောင်းစံ အပေါ်မှာ ဒေါသအမျက်တွေ မပြေနိုင်သေးပါ။ ကောင်းစံက မျက်နှာငယ်နှင့် လေအေးအေးဖြင့် ဖြေရှင်းပြန်သည်။

"ကုမ္ပဏီကလဲ အရှုံးဆက်တိုက်ပေါ်တယ်၊ ဒါကြောင့် ကိုကိုကောင်းစံက အိမ်ကြီးကိုပေါင်ပြီး ရတဲ့ငွေနဲ့ ကုမ္ပဏီထဲထည့်ပြီး မြှုပ်နှံရပြန်တယ် . . . "

"ပင်လယ်ပြင်ထဲကို ခဲပစ်လိုက်သလို၊ ထည့်လိုက်တဲ့ အရင်းအနှီးကလဲ ပျောက်သွားရပြန်တယ် သွန်းအိမ်ရယ်၊ ဒါကြောင့် မလွဲသာလွန်းလို့၊

ကိုကိုကောင်းစံက ဒီအိမ်ကိုရောင်းလိုက်ရတာ ပါ”

“သွန်းအိမ်ကို သိပ်ပြီး နွေးထွေးတဲ့ ကြိုဆိုမှုတွေနဲ့ ကြိုဆိုလိုက်တာပေါ့လေ”

လှောင်ရယ်တွေနှင့် ရယ်ရင်းသွန်းအိမ်စံက ပြောသည်။ ရင်ထဲက ကြေကွဲမှု၏ အရိပ်ဖြစ်တဲ့ မျက်ရည်စတွေ မျက်ဝန်းမှာ တွဲလွဲခိုနေသည်။

“ညီမလေးရယ် ဖြစ်လာတဲ့ လောကဓံကို ခံနိုင်ရည်ရှိအောင် ကြိုးစားပါ”

မကျေမချမ်းနိုင်သော အကြည့်နှင့် ကောင်းစံကို သွန်းအိမ်စံ ကြည့်လိုက်သည်။

“လောကဓံ မဟုတ်ဘူး ကိုကိုကောင်းစံ၊ လူအသုံးမကျလို့ ဖြစ်ရတာ ၊ ဖေဖေ ရှာခဲ့တဲ့ စည်းစိမ်က နည်းမှတ်လို့၊ ဒါတွေ ပြုတ်ပြုန်းသွားအောင် လုပ်နိုင်တဲ့ ကိုကိုကောင်းစံရဲ့ အရည်အချင်းက တော်တော်ချီးကျူးဖို့ကောင်းတာပဲ”

“ပြောတော့ ညီမလေးရယ်၊ နားလိုက်ပါဦးလား၊ နောက်မှ ဆွေးနွေးကြတာပေါ့”

“သွန်းအိမ် စိတ်ထဲမှာ ဒါလောက် စိတ်ထိခိုက်နေတာ ဘယ်လိုလုပ်ပြီး နားနိုင်မှာလဲ”

သွန်းအိမ်စံ သိပ်ကို မကျေမနပ်နှင့် ခံစားနေရမှန်း ကောင်းစံသိပြီး စိတ်မကောင်းပါ။

“ဒီအိမ်ကို ဘယ်သူ့ကို ရောင်းလိုက်တာလဲ”

“ရှင်းသန့် ဆိုတဲ့ သူဌေးပေါက်စလေး တစ်ယောက်လေ”

“ဘာပြောတယ်၊ ရှင်းသန့် ဟုတ်လား”

“ဟုတ်တယ်၊ ညီမလေး မမှတ်မိဘူးလား၊ ငယ်ငယ်က ဖေဖေ လုံးဂ

ကြည့်မရတဲ့ ရှင်းသန့်လေ”

“အံ့သြပါရဲ့ ကိုကိုကောင်းစံရယ်၊ ဖေဖေသိပ်မုန်းတဲ့ မိသားစု လက်ထဲကိုမှ ရောင်းရသလား၊ ဒီလောက်ပဲ ဝယ်မယ့်သူ ရှားနေပြီလား”

ရှင်းသန့်လိုလူစားမျိုးရဲ့ လက်ထဲသို့ သူမတို့ရဲ့ အိမ်ကြီးရောက်သွားမည်ကို ဆတ်ဆတ်ခါအောင်ပင် မခံမရပ်ဖြစ်နေသည်။

“ညီမလေးရယ်၊ ရှင်းသန့်ဟာ ခုသိပ်ကို ချမ်းသာနေတဲ့ လူတစ်ယောက်ပါ”

“သူ့ဟာသူ ဘယ်လောက်ကြီးပဲ ချမ်းသာနေ သွန်းအိမ်က အထင်မကြီးပါဘူး၊ သိမ်နုတ်တဲ့သူက သိမ်နုတ်တဲ့ လူစားပဲပေါ့”

“ခက်ပါလားကွယ်”

“ခက်တာက သွန်းအိမ်မဟုတ်ဘူး၊ ကိုကိုကောင်းစံ သိလား၊ ဖေဖေ့ကိုသာ ရှိလိုက်ချင်စမ်းပါတယ်၊ ကိုကို့လုပ်ရပ်တွေကို ဘယ်လောက်ရင်နာလိုက်မလဲလို့”

သွန်းအိမ်စံရဲ့ ရင်ထဲမှာ တဆစ်ဆစ် နာကျင်နေသည်။ အလွန်မုန်းတီးသော ရှင်းသန့်က မိမိတို့ရဲ့ စံအိမ်ကြီးကို ပိုင်နေပါပေါ့လား။ ကောင်းစံကို မကျေမနပ်စိတ်တွေ ရင်ထဲမှာ အခိုင်အခံ အဖြစ်မာတင်းတင်းကြီး ဖြစ်နေသည်။

“ကဲ . . . သွန်းအိမ် ဘယ်မှာ အိပ်ရမှာလဲ ပြောပါ”

“အဲဒီ အခန်းက ညီမလေးအခန်းလေ၊ ပေးပေး ကိုကိုကောင်းစံ သေတ္တာတွေ ထည့်ပေးမယ်”

သွန်းအိမ်စံရဲ့ လက်ထဲက သေတ္တာတွေကို ဆွဲယူပြီး အခန်းထဲအရောက်ပို့ပေးခဲ့သည်။ အတတ်နိုင်ဆုံးသပ်ရပ်စွာ ပြင်ထားသော

အခန်းကို ကြည့်ပြီး မကြည့်နူးနိုင်အောင် သွန်းအိမ်စံ ခံစားနေရသည်။

စိတ်ညစ်ညစ်နှင့် အိပ်ရာပေါ်သို့ ပစ်လှဲသည်။ အခန်းတံခါး ပိတ်ထားပြီးပြီမို့၊ စိတ်လွတ် လက်လွတ် ဂမ်းနည်းကြေကွဲမှုတွေကို သွန်မှောက်လိုက်သည်။

ရင်မှာ နာကျင်လွန်းစွာ ထိထိခိုက်ခိုက် ခံစားနေရသည်။

*

## (၃)

အချိန်ကြာမြင့်စွာ သွန်းအိမ်စံက ငိုရှိုက်နေသည်။ ဧည့်ခန်းထဲမှာ ကောင်းစံတစ်ယောက်လည်း စိတ်မကောင်းကြီးစွာနှင့် ထိုင်နေသည်။

ပိတ်ထားသော တံခါးရွက်၊ ဘယ်အချိန်ပွင့်လာလေမလဲလို့ စောင့်ကြည့်နေပေမယ့် အချိန်ကြာမြင့်စွာ တံခါးက ပွင့်လာခြင်းမရှိပါ။ သွန်းအိမ်စံ တစ်ယောက် သိပ်ကို ခံစားနေရတာ ကို သိပြီး စိတ်မကောင်းဖြစ်နေသည်။

"သွန်းအိမ် ညီမလေး၊ တံခါးဖွင့်ပါဦး"

ဆက်လက် စောင့်ဆိုင်းခြင်းငှာ မစွမ်းသာပြီး တံခါးခေါက်ပြီး သွန်းအိမ်စံကို ခေါ်သည်။

"သွန်းအိမ် အေးအေးဆေးဆေး နေပါရစေ မနှောက်ယှက်ပါနဲ့"

"အပြင်ထွက်ခဲ့ပါဦးကွာ"

“မနှောက်ယှက်ပါနဲ့လို့ ပြောနေတယ် နားမလည်ဘူးလား”

လေသံမာဆတ်ဆတ်နှင့် သွန်းအိမ်စံက ပြန်ပြောလိုက်တော့ ကောင်းစံရှေ့ဆက်ပြီး ဘာမှ မပြောတော့ပါ။

“ကိုကိုကောင်းစံ အပြင်သွားဦးမယ်”

သွန်းအိမ်စံထံမှ တုံ့ပြန်စကားကို ကြားရလေမလားလို့ ခဏစောင့်ကြည့်သေးသည်။ အခန်းထဲက တုတ်တုတ်မှ မလှုပ်တော့ ကောင်းစံ အိမ်လေးအတွင်းက ထွက်ခဲ့လေသည်။

ကောင်းစံ ထွက်သွားပြီးမှန်း သိသော်လည်း သွန်းအိမ်စံက အခန်းထဲက ထွက်မလာပါ။ ခုတင်ပေါ်မှာ ခံစားမှုတွေ ရှုပ်ထွေးစွာနှင့် သွန်းအိမ်စံ ငြိမ်သက်နေသည်။

လေယာဉ်ပေါ်မှာ ဆုံတွေ့လာခဲ့သူကို ပြေးပြီး အမှတ်ရမိသည်။ ထိုသူသည် ရှင်းသန့်သာ ဖြစ်လိမ့်မည်လို့ သေချာပေါက် တွက်လိုက်သည်။

ရှင်းသန့်နှင့် ပတ်သက်နေသော မလှပသည့် အတိတ်များဆီသို့ သွန်းအိမ်စံရဲ့ အတွေးများက ရောက်သွားသည်

လူအတော်များများက အဖက်မလုပ် အပစ်ပယ်ခံရတဲ့ ရှင်းသန့်ဆိုတဲ့ ကောင်လေးရဲ့ အတိတ်တွေပဲပေ့ါ။

*

ဦးထွန်းစံဆိုသော သူဌေးကြီးသည် မြို့ရဲ့မျက်နှာဖုံး လူကုံထံကြီး တစ်ယောက်ဖြစ်သည်။ လုပ်ငန်းတော်တော်များများကို လုပ်ကိုင်နေသော

စီးပွားရေးသမား သူဌေးကြီးတစ်ယောက်ဖြစ်သည်။

သူ့ရဲ့မြင့်မားတဲ့ လုပ်ရည်ကိုင်ရည်၊ ဆွေဂုဏ်၊ မျိုးဂုဏ်ကြောင့် ဦးထွန်းစံရဲ့ ကောင်းသတင်းက သင်းပျံ့ကြိုင်နေသည်။ ဦးထွန်းစံက လူသိထင်ရှားသည်။ ကောင်းသတင်းကျော်ဇောသည်။

ထိုမြို့မှာပဲ ဦးထွန်းစံလိုပဲ ကျော်ဇောသူတစ်ယောက်က ရှိနေသည်။ ထိုသူက ကောင်းသတင်း ဖြင့် ထင်ပေါ်ကျော်ကြားသူမဟုတ်ပါ။ မကောင်းသတင်းလှိုင်ပြီး ထင်ပေါ်နေသော ဦးမျိုးဟန်ဆိုသူ ဖြစ်သည်။

ဦးမျိုးဟန်က ဘာအလုပ်ကိုမှ မည်မည်ရရ မလုပ်သလို၊ သောက်သောက်စားစား လူစားမျိုး ဖြစ်သည်။ ဦးမျိုးဟန်ကိုဆိုလျှင် တွေ့လျှင်ဝေးဝေးက ရှောင်သွားတတ်သော သူကလည်း ခပ်များများပါ။

မူးမူးရူးရူးနှင့် ပြဿနာကိုလည်း မီးထွန်းရှာတတ်သူပါ။ စိတ်မထင်လျှင် မထင်သလို၊ မူးလျှင်ရမ်းတတ်သေးသည်။ တကယ့်ကိုမှ တကယ့်အောကြောလန် လူသားကြီးပါ။

တစ်နေ့မှာ ဦးထွန်းစံထံသို့ ဦးမျိုးဟန် ရောက်လာသည်။ ဦးမျိုးဟန်ကို တွေ့ခွင့်တောင်း၍ ဦးထွန်းစံကို တွေ့သည်။ အမူးသမားတစ်ယောက်က လာတွေ့သည်ကို တွေ့ဆုံရိုး ထုံးစံမရှိသော်လည်း ဦးမျိုးဟန်ကို သူအတွေ့ခံလိုသည်။

“ဘာကိစ္စ ခင်ဗျားက ကျုပ်ကို တွေ့ချင်တာလဲ”

အဝတ်အစားနွမ်းပါးပါးနှင့် ကဇော်သမားရုပ် ပီသပေါ်လွင်နေသော ဦးမျိုးဟန်ကို မေးသည်။

“သူဌေးဆီမှာ အလုပ်ကလေးများ ရမလားလို့ပါ”

ဦးထွန်းစံရဲ့ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ကျောင်းကို ကိုယ့်ဝင်ငွေ ကိုယ်ရှာပြီး တက်နေသော သားဖြစ်သူရဲ့ လုပ်စာကို

ထိုင်အရက်သောက်နေသော ဦးမျိုးဟန်က အလုပ်လုပ် ချင်သည်တဲ့။ အလွန်ထူးဆန်းသော စကားကို ဦးထွန်းစံက ကြားလိုက်ရသည်။

“ဘယ်လို ခင်ဗျား အလုပ်လုပ်ချင်တယ် ဟုတ်လား . . . ”

“ဟုတ်ပါတယ်”

ဦးထွန်းစံက နက်နက်နဲနဲ တွေးလိုက်သည်။ ကဇော်သမားတစ်ယောက်က လိုလိုလားလား၊ အလုပ်လုပ်ချင်သည်ဆို၍ သူကျေနပ်သည်။ အလုပ်လုပ်လျှင် အရက်သောက်ချိန်နည်းပြီး လူကောင်း ပြန်ဖြစ်လာနိုင်သည်။

လူတစ်ယောက် လူကောင်းသူကောင်း ဖြစ်ဖို့အတွက် ကူညီဖြည့်ဆည်းပေးလိုစိတ် ဦးထွန်းစံမှာ ရှိသည်။ ဒါကြောင့် ဦးမျိုးဟန်ကို အလုပ်ခန့်ရန် စိတ်ဆုံးဖြတ်သည်။

“ကောင်းပြီ၊ ခင်ဗျာအလုပ်လုပ်ချင်ရင် ခန့်မယ်၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြောထားတယ်၊ အလုပ်ချိန်အတွင်း အရက်ကို လုံးဝမသောက်ရဘူးနော်”

“ကောင်းပါပြီ”

“ဒါဆို မနက်ဖြန်ကစပြီး အလုပ်ဆင်းတော့”

“ကျေးဇူးတင်ပါတယ်”

“ဒီမှာ ကျုပ်က စည်းကမ်းကြီးတယ်နော်၊ တိကျတယ်နော်၊ ခင်ဗျားကတိတည်ပါစေ”

“စိတ်ချပါ သူဌေး”

“ကဲ . . . ခင်ဗျား ပြန်တော့”

ဦးထွန်းစံရှေ့မှာ ဒယီးဒယိုင်နှင့် ဦးမျိုးဟန်ထွက်သွားသည်။ သူ့ကို

ဘယ်လိုအလုပ်မျိုး ခန့်ရမည် လဲလို့ ဦးထွန်းစံ စဉ်းစားနေသည်။

နောက်ဆုံးမှ အကြံရသည်။ ဦးမျိုးဟန် အရက်သောက်ခြင်း နည်းပါးသွားအောင် စက်ရုံမှာ ညစောင့် အလုပ်ခန့်မည်လို့ စိတ်ကူးထားသည်။

*

ဦးထွန်းစံက ဇနီးသည် ကွယ်လွန်သွားပြီးကတည်းက နောက်အိမ်ထောင်မပြုဘဲ သမီးနှင့် သားကို ပြုစုပျိုးထောင်ခဲ့သည်။ သားသမီး နှစ်ယောက်ကို သိပ်လည်း အလိုလိုက်ခဲ့သည်။

သားကြီး ကောင်းစံထက် သမီးငယ် သွန်းအိမ်စံက အငယ်ပီပီ ပို၍ အလိုလိုက်ခံရပြီး နွဲ့ဆိုးဆိုး သည်။ ငယ်ငယ်လေးကတည်းက လိုတရစေခဲ့ပြီး အလိုလိုက်အကြိုက်ဆောင်ခဲ့သည့်အတွက် သွန်းအိမ်စံက ပို၍ ဆိုးသည်။ တစ်အိမ်လုံးမှာ သူ့စိတ် အလိုချည်းသာ ဖြစ်နေသည်။

"ဖေဖေ အဲဒီ အမူးသမားကြီးကို ဘာလို့ အလုပ်ခန့်လိုက်တာလဲ"

သွန်းအိမ်စံက ဦးမျိုးဟန်ကို အလုပ်ခန့်လိုက်တာ သိလည်း သိရော ဖခင်ကို အပြစ်တင်သည်။ ရှစ်နှစ်သမီးသွန်းအိမ်စံက အရွယ်နှင့်မလိုက်အောင်လည်း ဉာဏ်ကောင်းသည်။ သွက်လက်ချက်ချာ သည်။ ဦးထွန်းစံက သမီးကို ပို၍ မျက်နှာသာပေးသည်။

"သမီးရယ် သူက အလုပ်လုပ်ချင်နေတာကွယ်၊ အဲလို အလုပ်လုပ်ပြီး တည်တည်ငြိမ်ငြိမ် ရှိသွားရင် အရက်သောက်တာ လျော့သွားမယ်လေ၊ လူတစ်ယောက်ကောင်းစားဖို့ ကူညီကောင်းပါ တယ်ကွယ်"

"အဲဒီ လူကြီးက အရက်စော်နံပြီး ညစ်ပတ်နေတာပဲ၊ သမီးရွံတယ်"

မျက်နှာလေးရှုံ့မဲ့ပြီး သွန်းအိမ်စံက ပြောသည်။ ဖခင်က သမီးလေးကို တရားချရသည်။

"သမီးရယ် . . . လူ တစ်ဖက်သားကို သမီးလေးက သိပ်ပြီးအထင်သေးတတ်တယ်၊ နှိမ်ချတယ်၊ အဲဒီ လို မလုပ်ရဘူးကွယ့်"

"ဖေဖေကလဲ သူတို့က ဆင်းရဲသားတွေပဲ၊ သမီးက ဂရုမစိုက်ပါဘူး"

"ဩော် . . . ခက်တော့တာပဲ သမီးလေးရယ်"

ဆင်းရဲသားဆိုပြီး မထင်အမြင်သေးတတ်တဲ့ သွန်းအိမ်စံရဲ့ စိတ်ထားကို မကြိုက်နှစ်သက်၍ ဦးထွန်းစံက အခွင့်အခါကြုံတိုင်းဆုံးမသည်။ အလိုလိုက်ခံထား၍ သွန်းအိမ်စံက ဖခင်ရဲ့စကားကို သိပ်ပြီး လက်ခံရိုးထုံးစံမရှိ။

"သမီးလေးနဲ့တော့ ခက်ပြီ၊ သူတစ်ပါးကို အဲဒီ လောက် မထင်မသေးရဘူးကွယ်"

"သူတို့အကြောင်းမပြောနဲ့ သမီးမကြားချင်ဘူး ဖေဖေ"

ခြေဆောင့်ပြီး စိတ်ကောက်တော့ ဦးထွန်းစံက ဆက်မပြောပါ။ သမီးငယ် စိတ်ကောက်မှာ စိတ်ပြုငြင်မှာကို သိပ်စိုးရိမ်သည်လေ။ သွန်းအိမ်စံရဲ့ ထောင်လွှားတဲ့ မာနတွေကို ဘယ်လိုချိုးနှိမ်ပေးရမှန်းမသိ။

အမေတူ သမီးလေးမို့ ဆုံးမရခက်နေသည်က အမှန်ပါ။ ကောင်းစံမှာ မာန်မာတွေကင်းသလောက် သွန်းအိမ်စံမှာ မာန်မာနတွေကြီးမားစွာ ကိန်းအောင်းနေသည်။

*

# (၄)

နောက်တစ်နေ့မှာ ဦးမျိုးဟန်အလုပ်ဆင်းသည်။ အရက်မသောက်ဘဲ အလုပ်ကိုလာသည်။ ဦးထွန်းစံ ကျေနပ်သွားသည်။

“ကဲ . . . ခင်ဗျားကို စက်ရုံမှာ ညစောင့်အလုပ်ခန့်မယ်၊ သူများထက် ခင်ဗျားကို လစာပိုပေးမယ်၊ ခင်ဗျားသားကလဲ ကျောင်းနေတယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“အလုပ်ကိုကြိုးစားပါ၊ အရက်ကိုလဲ တာဝန်ချိန်မှာ မသောက်ပါနဲ့၊ တခြားအချိန်မှာလဲ လျှော့သောက်ပေါ့၊ ခင်ဗျားသားရဲ့ ရှေ့ရေးက ခင်ဗျားမှာ တာဝန်ရှိနေတယ်ဆိုတာ သိထားမှာပေါ့”

ဦးမျိုးဟန်က တစ်ခွန်းမှ ပြန်မပြောသော်လည်း စိတ်ထဲက မကျေနပ်။

“ငါမွေးစားထားတဲ့သား ငါသိတာပေါ့၊ သူက ဆရာကိုလုပ်လွန်းတယ်”

“ကဲ . . . ခင်ဗျာ စက်ရုံကိုလိုက်ခဲ့တော့”

ဦးထွန်းစံက သူ့ကားနှင့်တင်ခေါ်သွားသည်။ ထိုအခြင်းအရာကို တွေ့မြင်လိုက်သော သွန်းအိမ်စံ စိတ်ထဲမှာ မကျေမနပ် အလုံးအရင်း ဖြစ်နေသည်။

ဦးမျိုးဟန်ကို နေရာပေးပြီး ဦးထွန်းစံက ကုမ္ပဏီကို ထွက်ခဲ့သည်။ သူ့ရဲ့ အမိုးမျက်နှာကျက် စက်ရုံမှာ ညစောင့်အဖြစ် ဦးမျိုးဟန်ကို အလုပ်ခန့်ပြီးလေပြီ။

နိုင်ငံခြားနှင့် ဆက်သွယ်သော သွင်းကုန်ထုတ်ကုန်လုပ်ငန်း ကုမ္ပဏီတစ်ခုကိုလည်း ပျိုးထောင် ထားသည်။ ဦးထွန်းစံသည် ဉာဏ်ကောင်းသလို ရိုးသားကြိုးစားသဖြင့် လုပ်ငန်းများက တနေ့တခြား တိုးတက်အောင်မြင်နေသည်။

တော်တော်ချမ်းသာသော သူဌေး စာရင်းဝင်တစ်ယောက် ဖြစ်နေသည်။

သားနှင့်သမီးကိုလည်း လိုလေသေးမရှိအောင် ပြည့်စုံဖူလုံစွာထားသည်။ သားသမီးအပေါ်မှာဆို တွန့်တိုခြင်းမရှိ။ ပူဆာတာမှန် သမျှကို ဖြည့်ဆည်းပေးသည်။

ဒါကြောင့်လည်း သွန်းအိမ်စံက သူ့ကိုသူ ဘုရင့်သမီးတော်လောက် အောက်မေ့နေသည်။ အိမ်မှာရှိသော အိမ်ဖော်တွေကလည်း အလိုလိုက်ထား၍ အားလုံးကို ဗိုလ်ကျပြီး ဆိုးချင်တိုင်း ဆိုးနေသည်။

*

ထမင်းစားချိန် အိမ်ကို ဦးထွန်းစံပြန်လာတော့ သွန်းအိမ်စံက ဖခင်ကို စိတ်ဆိုးတကြီးနှင့်ပြောသည်။

"ဖေဖေက ဘာလို့ ဟိုအရက်သမားကြီးကို ကားပေါ်တင်ရတာ လဲ၊ သမီးတို့ ကားညစ်ပက်ပြီး နံကုန်မှာပေ့ါ"

"လူကြီးကို အဲဒီ လို မပြောရဘူး သမီးရဲ့၊ ငရဲကြီးတယ်"

"သူက ဆင်းရဲသားကြီးပဲ ငရဲမကြီးပါဘူး"

"ဟာ သမီးလေးကလဲ အဲလိုမပြောရဘူးလေ၊ ဖေဖေမကြိုက်ဘူးနော်"

ဖခင်က လေသံနည်းနည်းတင်းလိုက်ရုံနှင့် သွန်းအိမ်စံရဲ့ မျက်နှာလေး စူပုပ်သွားသည်။

စိတ်ထဲကလည်း ဆက်ပြောနေသေးသည်။ ဖခင်မကြားအောင်ပါ။ ပါးစပ်ကလည်း ပွစိပွစိ လုပ်နေသည်။

"ဟွန်း၊ အဲဒီ လူကြီးကိုများ ဖေဖေက အရေးပေးနေလိုက်တာ၊ သူနဲ့ငါတို့ မာဆီဒီး ကားကြီးက ဘာဆိုင်လို့လဲ"

အလွန်ချစ်စရာကောင်းတဲ့ မျက်နှာနုနုလေးမှာ မာနတံခွန်တွေ လွင့်နေသည်။ သွန်းအိမ်စံသည် သိပ်ကိုငယ်ရွယ်သေးသည်။ ထိုအကျင့်ဆိုးတွေ ပျောက်အောင် တဖြည်းဖြည်း သိမ်းသွင်းရမည်လို့ စိတ်ကူးထားသည်။

သွန်းအိမ်စံက ကလေးပီပီသူပြောချင်တာကို ပြောပြီး ခြံထဲသို့ ပြေးဆင်းသွားသည်။ ပွင့်ဖူးနေသော ပန်းမလာလေးများပေါ်တွင် ဝဲပျံပြေးလွှားနေသော ပန်းလိပ်ပြာလေးများကို လိုက်ခံဖမ်းဆီးနေသည်။

*

ရှင်းသန့်က နံနက်စောစောတွင်၊ ဘူတာမှာ ကုန်စိမ်းသွားထမ်းသော အလုပ်ကိုလုပ်သည်။ ရသည့်ငွေနှင့် နံနက်စာအတွက် ဆန်ဝယ်သည်။ ဟင်းချက်စရာ ဝယ်သည်။ ထမင်းတစ်အိုး၊ ဟင်းတစ်အိုးတည်ပြီး စားသောက်ပြီးမှ ကျောင်းသို့ ပြေးရသည်။

ရှင်းသန့်ဒိုင်ခံသယ်ပေးရသော ကုန်စိမ်းသည် ဒေါ်ဘုမက ရှင်းသန့်ကို သနားသည်။ ကိုယ့်ဝမ်းကိုယ်ကျောင်းပြီး ကျောင်းတက်နေရသော ကလေးကို သနားသည်။ ဒါကြောင့် ငွေပိုငွေလျှံ အပြင် ဟင်းသီးဟင်းရွက်တို့ကိုလည်း ပေးကမ်းတတ်သည်။

“ရော့ ရှင်းသန့် နင် ချက်စားဖို့ ရွှေဖရုံသီးတစ်စိတ်ယူသွား”

“ရပါတယ် ဒေါ်ကြီး ဘုမရဲ့”

“ဟဲ့ယူသွား၊ နင့်မှာကိုယ့်ဝမ်းကိုယ်ကျောင်းနေရတာ ၊ အံ့ပါ့၊ နင့်အဖေကလဲ အားရင်မူးနေတာပဲ၊ ကိုယ်သားလေးမှာ မသနား”

ဒေါ်ဘုမက အမူးသမား ဦးမျိုးဟန်ကို ကြည့်မရသည်မှာ ကြာပြီ၊

သားလူမမည်လေးက လိမ္မာသလောက်၊ အဖေက မိုက်တွင်းနက်နေသည်ပဲ။ သားလေးခမျာ ကျောင်းကို သူ့ဘာသာ ကြိုးစား ရှာဖွေပြီး တက်နေရသည်။

ဆယ့်သုံးနှစ်ဆိုသော အရွယ်နှင့်မလိုက်အောင် ရှာဖွေ လုပ်ကိုင်နေတော့ အားလုံးက ဝိုင်းသနား ကြသည်။ လက်တိုလက်တောင်းခိုင်းလျှင်လည်း မုန့်ဖိုးပဲဖိုးလေးပေးကြသည်။ ဖခင်အကြောင်း ဒေါ်ဘုမ ပျစ်ပျစ်နှစ်နှစ်ပြောနေတော့ ရှင်းသန့်က ဖခင်ဘက်ကနေ ကာကွယ်သည်။

"ခု ဖေဖေက အလုပ်လုပ်နေပါပြီ၊ ဒေါ်ကြီး ဘုမရယ်" ဂုဏ်ယူဝင့်ကြွားစွာနှင့် ပြောသည်။

"ကြားသားမိုးကြိုးတော်"

"အဟုတ်ပါ အဖေ ညစောင့် ဝင်လုပ်နေတယ်"

"ဟုတ်လား၊ ဘယ်မှာလဲ"

"သူဌေးကြီးဦးထွန်းစံရဲ့ စက်ရုံမှာလေ"

"အဲဒီ သူဌေးကြီးက စည်းကမ်း သိပ်ကြီးတာ၊ နင့်အဖေကို အလုပ်ခန့်တာ ဟုတ်မှ ဟုတ်ရဲ့လားဟယ်"

"သိပ်ဟုတ်တာပေါ့ ဒေါ်ကြီးဘုမရယ်၊ ဒီနေ့ဆို အလုပ်ဆင်းတာ နှစ်ရက်ရှိပြီ"

ဒေါ်ဘုမက မယုံနိုင်သော မျက်ဝန်းတွေနှင့် ရှင်းသန့်ကိုကြည့်သည်။

"ဒါဆို နင်က ဘာလို့အလုပ်လုပ်နေလဲ၊ ကျောင်းပဲ အေးအေးဆေးဆေး တက်ပါလား"

"အဖေရတဲ့ လခနဲ့စားရင် ကျွန်တော့်ပိုက်ဆံကိုစုလို့ရတာ ပေါ့"

"တော်တော်လောဘကြီးတဲ့ ကလေး"

"လောဘမကြီးပါဘူးဗျာ၊ ကျွန်တော်တို့က ဆင်းရဲသားပါ၊ ဘာမှ ပိုင်ဆိုင်တယ်ဆိုတာ မရှိသေးပါဘူး၊ မရှိသေးတာကို ရှိအောင်ကြိုးစားတာ လောဘမဟုတ်ပါဘူး ဒေါ်ကြီးဘုမရယ်"

စကားကြီးစကားကျယ်ကို မျက်နှာတည်တည်နှင့်ပြောနေသော ရှင်းသန့်ကို ဒေါ်ဘုမက ကြည့်ပြီး ရယ်သည်။

"ဒါဆို ဘယ်လိုက လောဘကြီးတာလဲ၊ မိန့်စမ်းပါဦး ကိုရှင်းသန့်ရယ်"

"ကိုယ့်မှာ ပြည့်စုံအောင် ရှိပြီးနေတာကနေ၊ ထပ်ပြီးရှိချင်၊ ချမ်းသာချင်တာမှ လောဘကြီးတာဗျ၊ အိမ်တစ်လုံးကနေဖို့ရှိပြီး နောက်တစ်လုံးပိုင်ချင်တာတို့၊ ကားတစ်စီးအပိုင်ရှိပြီး နောက်တစ်စီး စီးချင်တာတို့မှ လောဘဗျ၊ ချမ်းသာပြီးလဲ မကျေနပ်နိုင်ဘူး၊ ထပ်ချမ်းသာချင်တာလဲ လောဘပဲ"

"အမယ်လေးတော်၊ ခုမှပဲ လူကြီးမင်းရဲ့ လောဘတရားကို နာရပြီး ကျွန်မသဘောပေါက်ပါပြီ ရှင်"

ဒေါ်ဘုမက ရယ်မောပြီး သူ့အတွက် အကောင်းစား ဂေါ်ဖီပွင့်ကြီးတစ်ပွင့်ကို ပေးသည်။

"ဒါလောက်ကောင်းတာကြီး မပေးပါနဲ့ဗျာ"

"ယူသွားစမ်းပါ ရှင်းသန့်ရယ်၊ တစ်ခါတစ်လေ အကောင်းစား ပေးရတာ
"

ဒေါ်ဘုမက အတင်းပေးနေတော့ ရှင်းသန့်က ပျော်ပျော်ကြီး လက်ခံလိုက်သည်။ ဟင်းသီးဟင်း ရွက်အချို့ကိုပိုက်ပြီးဒ အိမ်ပြန်ခဲ့သည်။ ညအလုပ်က ပြန်လာသော ဖခင်ကြီးကို အိမ်ရဲ့အပြင်မှာ တွေ့သည်။

"ဟော . . . လူလေး၊ အလုပ်က ပြန်လာပြီကိုး"

"ဟုတ်တယ်အဖေ၊ ဒီမှာ ဒေါ်ဘုမပေးတဲ့ ဂေါ်ဖီပွင့်ကြီး မလှဘူးလားဗျ"

"သိပ်ကောင်းတာပေါ့"

"ဒါနဲ့ အဖေ အလုပ်လုပ်ရတာ အဆင်ပြေလားဟင်"

"ပြေပါတယ်၊ ငါ့သားအတွက် အဖေ ကြိုးစားမယ်ကွာ၊ အရက်လဲလျှော့သောက်မယ် သိလား"

ဖခင်ရဲ့မျက်နှာကို ဂမ်းသာအားရနှင့် ရှင်းသန့်က မော့ကြည့်သည်။ ရင်မှာ ဖော်မပြနိုင်အောင် ဂမ်းသာသွားသည်။

"တကယ်လားအဖေ၊ အရက်ကိုလျှော့သောက်မယ်ဆိုတာ တကယ်လား"

ဖခင်ရဲ့လက်ကို ဂမ်းသာအားရ ဆွဲ၍ လှုပ်ခါပြီးမေးသည်။

"တကယ်ပေါ့၊ သားကိုလဲ အဖေ သနားလှပါပြီကွာ . . . "

"အဖေ မူးရူးနေတာမြင်ရင်၊ ကျွန်တော် အရမ်းစိတ်ဆင်းရဲတယ် အဖေရာ"

"အေးပါ သားရယ်၊ အဖေ့ဘက်က ပျက်ကွက်ခဲ့တဲ့ ဖခင်တာဝန်တွကို တတ်နိုင်သလောက် အဖေဖြည့်ဆည်းပေးပါ့မယ်"

သား အဖနှစ်ယောက် အတိုင်အဖောက် ညီညီနှင့် ကြည်နူးနေကြသည်။

"အဖေ့သူဌေးကို အရမ်းကျေးဇူးတင်တယ် အဖေရာ၊ သား ဒီဂေါ်ဖီပွင့်ကြီး သွားလက်ဆောင်ပေးလိုက်မယ်"

ရှင်းသန့်ရဲ့ စကားကို ဦးမျိုးဟန်က သဘောကျစွာနှင့် ဟက်ဟက်ပက်ပက်ကြီး ရယ်သည်။

"သားရယ်၊ ဒီလိုဟာမျိုးကို သူတို့က တန်ဖိုးထားပါ့မလားကွယ်"

"အို . . . အဖေကလဲ၊ စေတနာဆိုတာ တန်ဖိုးဖြတ်ရတာ မဟုတ်ဘူး၊ ကျွန်တော်က စေတနာနဲ့ ပေးမှာပဲ"

မျက်နှာလေး မှောင်ကုတ်ကုတ်နှင့် ရှင်းသန့်က ပြောသည်။ ဖခင်ဖြစ်သူက သားအဖြစ်ကို မရယ်နိုင်အောင်ရှိနေသည်။ ရှင်းသန့်သည် လူငယ်သလောက် စကားကြီးကြီးကျယ်ကျယ်လည်း ပြောတတ်သည်။ ပြောလိုက်တိုင်းလည်း အမှန်စကားမို့ သူလက်ခံလိုက်ရချည်းသည်သာ။

ခုလည်း သူ့ရဲ့အထွတ်အမြတ် ဂေါ်ဖီပွင့်ကြီးကို သူဌေးကြီး ဦးထွန်းစံအား လွန်စွာ စေတနာရှိစွာ နှင့် သူပေးချင်နေသည်လေ။

"ဒီပန်းပွင့်က အလွန်ဆုံးတန်ရင် သုံးဆယ်ပေ့ါ အဖေရယ်၊ သားစေတနာက သုံးဆယ်မက၊ သုံးသိန်းလဲ ဖြစ်နိုင်ပါတယ်"

"အေးပါကွာ၊ ဒါလောက်ပေးချင်ရင်လဲ သွားပေးချေ"

"ဟိုကောင်မလေး သူဌေးကြီး သမီးလေးအတွက် နှင်းဆီပန်းလေး တစ်စည်းပါ သားသွားပေး လိုက်မယ်နော်"

"သိပ်သွားချင်လဲ သွားပေးပေ့ါကွာ"

ဖခင်ထံမှ ခွင့်ပြုချက်ရသည်နှင့် ရှင်းသန့် က နှင်းဆီခြံသို့ပြေးပြီး အလှဆုံးနှင်းဆီဆယ်ပွင့် ခူးဝယ်ခဲ့သည်။ ဂေါ်ဖီပွင့်ကြီး တစ်ပွင့်နှင့် နှင်းဆီတစ်စည်းကို ကိုင်ပြီး စံရိပ်ငြိမ်အိမ်ကြီးဆီသို့ လှမ်းခဲ့သည်။

*

## (၅)

စံရိပ်ငြိမ်ခြံကြီးရဲ့ ဒရဂမ်ကို ခွင့်တောင်းပြီး ခြံထဲဝင်ခဲ့သည်။

အမွေးပွခွေးလေးနှင့် ပြေးလွှား ဆော့ကစားနေသော ဂါဝန်ဝါဝါလေးနှင့် သွန်းအိမ်စံကို တွေ့ရသည်။

ပျော်မြူးစွာ ဆော့ကစား နေသော သွန်းအိမ်စံရဲ့ လှုပ်ရှားဟန်လေးက သိပ်ကိုချစ်စရာ ကောင်းနေသည်။ အသားအရေက ဖြူနုသလို၊ သေးသေးသွယ်သွယ်လေးနှင့် ရှိနေသော သွန်းအိမ်စံ ရဲ့ပုံစံက တကယ့်ကိုကြွေရုပ်လေးတစ်ရုပ်လို လှပနေသည်။

"ပုံပြင်ထဲက နတ်သမီးတွေက သူ့လိုပဲ ထင်ပါတယ်"

သွန်းအိမ်စံရဲ့ လှုပ်ရှားဟန်တွေကို ငေးမောအားကျစွာ ရှင်းသန့်က ကြည့်နေသည်။ သွန်းအိမ်စံ က သူ့ကို ဂရုမပြုမိဘဲ၊ ဆက်လက်ပြေးလွှား ဆော့ကစားနေသည်။

"နတ်သမီးလေးရယ် လှလိုက်တာ"

ရင်ထဲကနေ အားပါးတရကြီး သွန်းအိမ်စံရဲ့ အလှကို ချီးကျူးနေသည်။

နတ်မိမယ်တစ်ပါးလို၊ မိုးကောင်းကင်ထက်မှာ ရှိနေတဲ့ ကြယ်ပွင့်လေးတစ်ပွင့်လို၊ သူက တင်စားနေသည်။ သူ့ရဲ့ဘဝနှင့်အခြေအနေချင်းကွာခြားမြင့်မားလှတဲ့ သွန်းအိမ်စံရဲ့ ဘဝကိုလည်း အားကျနေသည်။

"မြေကြီးနဲ့ ကောင်းကင်ကြီးက သိပ်ကွာခြားတယ်၊ သွန်းအိမ်စံက ကောင်းကင်ပြာကြီးထဲက ကြယ်တာရာလေး၊ ငါက မြေကြီးပေါ်က အလေ့ကျ ပေါက်တဲ့ မြက်ပင်ပါလား"

ဆယ်သုံးနှစ်ဆိုသော အရွယ်နှင့်မလိုက်အောင် ရှင်းသန့်က ဖွဲ့ဖွဲ့နွဲ့နွဲ့ တွေးနေသည်။ အကြည့်များ သွန်းအိမ်စံရဲ့မျက်နှာပေါ်မှာသာ စိုက်မတ်စွာ ကျရောက်နေသည်။

သွန်းအိမ်စံက ဆော့ကစားရင်းကနေ စူးစိုက်ကြည့်ခံရသည့်အသိကြောင့်လား မသိ။ ရှင်းသန့်ကို သတိထားမိသွားသည်။ အဝတ်အစားနွမ်းဖတ်ဖတ်နှင့် ရှင်းသန့်ကို မကြည်လင်သော အကြည့်တွေနှင့် ကြည့်နေသည်။

"နင်က ဘယ်သူလဲ"

သူမထက် ကြီးသည်ကို သိသိကြီးနှင့်၊ ခပ်ရိုင်းရိုင်းပင် နင်လို့ ခေါ်သည်။ ရှင်းသန့်က မျက်နှာထား ချိုချိုနှင့် သူ့ကို ကြည့်ပြီးဖြေသည်။

"တို့နာမည် ရှင်းသန့်ပါ"

သွန်းအိမ်စံရဲ့ အကြည့်တွေက ရှင်းသန့်ရဲ့ ကိုယ်ပေါ်မှာ စူးရှစွာ ကျရောက်နေသည်။ ပြီးတော့ သွန်းအိမ်စံက လှောင်ရယ် ရယ်လိုက်ပြန်သည်။

"နာမည်ကလဲ ရယ်စရာကောင်းလိုက်တာ"

"ဘာရယ်စရာကောင်းတာလဲ"

"ရယ်စရာကောင်းတာ၊ ကိုယ့်ကိုယ်ကို မသိဘူးလား၊ လူကြည့်တော့ ညစ်ပတ် စုတ်ပြတ်နေတာပဲ၊ အဲဒါကို ရှင်းသန့်လို့ ခေါ်လို့"

ရှင်းသန့်ရင်ထဲမှာ နင့်သွားသည်။ သူ အထင်တကြီး ကြည့်နေသော နတ်သမီးလေးရဲ့ လှပတဲ့ နှုတ်ခမ်းကြားက စကားတွေက ရိုင်းစိုင်း ကြမ်းတမ်းနေသည်။

"ငယ်ငယ်လေး ရှိသေးတယ်၊ နင်က စကားပြောတာ ကြီးကျယ်တယ်နော်"

"ဟုတ်တယ် ငါက သူဌေးကြီး ဦးထွန်းစံရဲ့ သမီးလေ၊ဒါကြောင့် သူဌေးသမီးလိုပြောတာပေါ့"

သူဌေးကြီး ဦးထွန်းစံတွင် သားကောင်းစံနှင့် သမီးသွန်းအိမ်စံ ရှိသည်ကို

ရှင်းသန့် သိပြီးသားပါ။

“ဒီမှာ သူဌေးသမီးလေးစားဖို့ တို့က ဒီဂေါ်ဖီပန်းနဲ့ ဟောဒီနှင်းဆီပန်း လက်ဆောင်လာပေးတာ ပါ”

သွန်းအိမ်စံက အလွန်အထင်သေးသော မျက်ဝန်းတွေနှင့် ရှင်းသန့်ကိုကြည့်ပြီး နှုတ်ခမ်းကို မဲ့လိုက်သည်။

“အဲဒီ အစုတ်ပလုတ်တွေ ဘာလုပ်ဖို့လဲ”

“သူဌေးကြီးအိမ်မှာ စားဖို့ပါ”

“ငါတို့ အိမ်မှာ ၊ သူတောင်းစားပေးတာ စားတာမဟုတ်ဘူး”

မောက်မာ နင့်သီးသော သွန်းအိမ်စံရဲ့ စကားများက ရှင်းသန့်ရဲ့ နှလုံးသားကို စူးဝင်ဖောက် ထွင်းသွားသည်။ နာကျင်လွန်းသော မျက်ဝန်းတွေနှင့် သွန်းအိမ်စံကိုကြည့်သည်။

“တို့က သူတောင်းစား မဟုတ်ဘူး”

“ဒီလောက် စုတ်ပြတ်နေတာ သူတောင်းစားပဲပေ့ါ”

ရှင်းသန့်ကလည်း နုနယ်သောကလေးသာပင်။ ဘယ်လောက်ကြီးသဘောထားကြီးသည်းခံပေမယ့် သွန်းအိမ်စံရဲ့ နင့်သီးသောစကားများက သူ့ရဲ့ မခံချင်စိတ်ကို နိုးဆွလိုက်သည်။

“တို့က၊ စားစေချင်လို့ စေတနာနဲ့ပေးတာ၊ စေတနာကိုမစော်ကားပါနဲ့ဟာ”

“ဘာတွေ လာပြောနေတာလဲ၊ သိပ်နားညည်းတယ်၊ နင့်ဟာတွေ ပြန်ယူသွား”

“နင်မယူချင်နေပါ၊ ငါကသူဌေးကြီးကို ပေးမလို့”

"ကဲ . . . ပေး"

ရှင်းသန့်က သွန်းအိမ်စံစိတ်ထားကောင်းနှင့် ယူသည်ထင်ပြီး လှမ်းပေးသည်။

"ကဲ . . .ဟယ်"

သွန်းအိမ်စံက သူ့လက်ထဲက ယူပြီး မြေကြီးပေါ်သို့ ပစ်ပေါက်ချသည်။ ပြီးတော့ ခြေထောက်နှင့် နင်းခြေပစ်သည်။

ရှင်းသန့် အမြတ်တနိုး တန်ဖိုးထားပြီး ယူခဲ့သော ဂေါ်ဖီပန်းပွင့်နှင့် နှင်းဆီပန်းများ သွန်းအိမ်စံရဲ့ ဖိနပ်လှလှလေးအောက်မှာ မရှုမလှ ကြေမွပျက်စီးသွားရပါတော့သည်။

စောစောက ဦးထွန်းစံကို မိသားစုအပေါ် စေတနာတွေ တလုံးတရင်း ထားခဲ့သည်မှာလည်း အစိတ်စိတ်အမြွှာမြွှာ ကြေကွဲသွားပါတော့သည်။

ထက်မြက်မှုကို အမြဲ ဖော်ပြလေ့ရှိသည့် မျက်ဝန်းစူးရှရှနှင့် သွန်းအိမ်စံကို ကြည့်လိုက်သည်။

"နင် တော်တော် ရိုင်းစိုင်းတဲ့ မိန်းကလေးပဲ"

"အေး ရိုင်းတယ် ဘာဖြစ်လဲ"

သွန်းအိမ်စံက၊ ခါးပေါ် လက်ကို ဟန်ပါပါလေးထောက်ပြီး ရန်တွေ့သည်။

"သွား ငါတို့ခြံထဲက ခု ထွက်သွား လာမရှုပ်နဲ့"

သွန်းအိမ်စံက သူ့ကို နှင်ထုတ်သည်။ အနီးအနားမှာရှိသော အုတ်ခဲကျိုးကိုကောက်ပြီး သူ့ကိုပစ်သည်။

ရှင်းသန့်က တပ်ခေါက်ပြီး ပြန်ခဲ့ပါသည်။ နတ်သမီးလေးလို

ဖြူစင်လှပသော ရုပ်ရည်ရှိသော မိန်းကလေးက သိပ်ကိုဆိုးရွားသည်ကို ရှင်းသန့်က စိတ်မကောင်းစွာ တွေ့ရှိလိုက်ရပါသည်။

ဘယ်လောက်ပင် စိတ်ဓာတ်ကြံ့ခိုင်အောင် ကြိုးစားထားပေမယ့် သူလည်းကလေးမို့။ ဖမ်းနည်း အားငယ်သည့် မျက်ရည်တွေ ဝေ့သွားပါတော့သည်။

အိမ်ကိုမျက်နှာမသာမယာနှင့် ပြန်ခဲ့သည်။ ဖခင်ကြီးက သူ့ရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး မေးသည်။

"ဘာဖြစ်လာတာလဲ ရှင်းသန့်"

"အဖေရယ်၊ သူဌေးသမီးက သိပ်ပြီးမာနထောင်လွှားလိုက်တာဗျာ"

"အော် . . . မင်းက တကယ့် လူဆိုးမလေးနဲ့ တွေ့ခဲ့တာကိုး"

"ဟုတ်တယ် အဖေရယ်၊ ကျွန်တော်ရဲ့ လက်ဆောင်တွေကို မြေမှာပေါက်ပြီး နင်းခြေလိုက် တယ်ဗျ"

ရှင်းသန့်က ဖြစ်ကြောင်းကုန်စင်ကို ဖခင်ကို ပြောပြသည်။ ဦးမျိုးဟန်က နားထောင်ပြီး ခံပြင်းနေသည်။

"အင်းလောကကြီးက မတရားဘူး၊ ဆင်းရဲတာကို အပြစ်တစ်ခုလို မြင်ကြတယ်၊ ဒီကြားထဲ အဖေ့ကြောင့် ငါသား၊ သူများ အထင်အမြင်သေးတာကို ခံရပြန်တယ်"

သူ့ရဲ့မိုက်မဲမှုက သားကို သိမ်ငယ်စေသည်ကို ဦးမျိုးဟန်သိပါသည်။ ယခင်ကလည်း သိခဲ့သည်။ ဒါပေမယ့် အရက်ရဲ့ ကျေးကျွန်ဖြစ်ခဲ့၍ သိသိကြီးနှင့် သူ့ရဲ့အမှားကိုမပြင်နိုင်ခဲ့ပါ။ နောင်ကို အတတ်နိုင် ဆုံးအရက်ကို လျှော့မည်လို့ စိတ်ကူးလိုက်သည်။

"ကဲပါသားရယ်၊ နောင်ကို အဲဒီ အိမ်ကြီးကို မသွားနဲ့နော်"

"ဟုတ်ကဲ့အဖေ"

မသွားဘူးလို့ ဖခင်ကို ပြောလိုက်ပေမယ့်၊ သူ့မျက်ဝန်းထဲမှာ သိပ်ကိုလှပသော သွန်းအိမ်စံရဲ့ ရုပ်သွင်ကိုမြင်ယောင်နေသည်။

"နတ်သမီးလေးရယ်၊ နင့်ရင်ထဲမှာ သိပ်ရုပ်ဆိုးတဲ့ စိတ်တွေ ဘာလို့ရှိနေတာလဲ"

သွန်းအိမ်စံကို မကျေမနပ်နှင့် စိတ်ထဲက ပြောမိသည်။ သွန်းအိမ်စံရဲ့ အပြောကြောင့် ရင်မှာ ထိထိခိုက်ခိုက်ခံစားသွားရသော်လည်း စိတ်ဆိုးခြင်း အလျဉ်းမဖြစ်မိသော သူ့စိတ်ကို သူပြန်၍ အံ့ဩမိသည်။

သူ့စိတ်ထဲမှာ ကြီးမားသော ဆန္ဒဖြစ်ပေါ်နေသည်။ ဤသည်က သွန်းအိမ်စံနှင့် လွန်စွာ ခင်မင် ရင်းနှီးလိုစိတ်ပါ။

"နင်နဲ့ သိပ်ပြီး သူငယ်ချင်း ဖြစ်ချင်လိုက်တာ သွန်းအိမ်စံရယ်"

*

## (၆)

"ဘယ်လိုလဲ ဦးမျိုးဟန်၊ ဒီမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

ဦးထွန်းစံက အချိုးပြောင်းပြီး ပြုပြင်လာသော ဦးမျိုးဟန်ကိုတွေ့ဆုံလေတိုင်း တရင်းတနှီးနှင့် ဆက်ဆံသည်။

"ဟုတ်ကဲ့ အဆင်ပြေပါတယ်"

"ခင်ဗျားသားက ခု ဘယ်နှစ်တန်း ရောက်ပြီလဲ"

“ခုနှစ်တန်း ရောက်ပါပြီ”

“ကလေးက ပညာမဆိုးဘူးနော်”

“ဟုတ်ပါတယ် သူဌေးရယ်၊ သားက အလုပ်တစ်ဖက်နဲ့ စာကိုကြိုးစားရှာတယ်”

“ကိုယ့်ဒူးကိုယ်ချွန်တဲ့ကလေးပဲ၊ ချီးကျူးစရာပေါ့ဗျာ”

ဥပဓိရုပ်ရည် သန့်ပြန့်ရည်မွန်သလို စိတ်ထားကောင်းသော ဦးထွန်းစံကို ဦးမျိုးဟန်က အထင်ကြီးလိုက်ပါသည်။

သည်လို အဖေက မွေးဖွားထားသော သမီးဖြစ်သူ သွန်းအိမ်စံသည် ဘာကြောင့် ဆိုးသွမ်းနေ သည်ကို တွေးမရပါ။

“ကလေးကျောင်းအတွက် လိုအပ်တာရှိရင် ပြောပါ”

“ဟုတ်ကဲ့”

စာကြိုးစားသော ရှင်းသန့်ကို ဦးမျိုးဟန်က တစ်ဆင့်ဦးထွန်းစံက ထောက်ပံ့ခဲ့သည်။ ဦးမျိုးဟန်က သူတစ်ပါးဆီက အလကား မယူတတ်သည့် သားရဲ့ စိတ်ဓာတ်ကို သိပြီး ဦးထွန်းစံ ထောက်ပံ့သည်ကို မပြောခဲ့ပါ။

ရှင်းသန့်ကို ကုန်စိမ်းမထမ်းခိုင်းဘဲ ကျောင်းကို အေးဆေးစွာ တက်ခိုင်းသည်။ ရှင်းသန့်က သူ့အလုပ်ကို လက်မလွှတ်ချင်ရှာပါ။ ဖခင်က မာန်မဲပြောဆိုမှ ကုန်ထမ်းသည် အလုပ်ကို စွန့်လွှတ်သည်။

ရှင်းသန့်အတွက် အချိန်ပိုတွေရလာသည်။ ထိုအချိန်ပိုကို သူလုပ်ချင်သော အလုပ်အတွက် အသုံးပြုသည်။ သူအလုပ်ချင်ဆုံးက သွန်းအိမ်စံ ခြံထဲမှာ ဆော့ကစားလျှင် ခြံပြင်ကနေ မသိမသာ ချောင်းမြောင်းသည့်အလုပ်ပါ။

အမွှေးပွခွေးကလေးနှင့် ခြံထဲမှာ ပြေးဆော့ကစားတတ်သော သွန်းအိမ်စံကို ကြည့်ပြီး သူ့ရင်မှာ ပျော်ရွှင်ကြည်နူးခြင်းကို ခံစားရသည်။

ကျယ်ဝန်းသော စံရိပ်ငြိမ် ခြံကြီးအတွင်းမှာ ရောင်စုံပန်းတွေ ပွင့်ဖူးနေသည်။ စံရိပ်ငြိမ် နှစ်ထပ်တိုက်ကြီးကလည်း ဟီးပြီး ထည်ဝါခံ့ညားနေသည်။ သည်ခြံသွန်းအိမ်စံရဲ့ ဘဝကို အထင်ကြီး အားကျမိသည်။ ကောင်းစံကို ခြံထဲမှာ တွေ့ရခဲ့သည်။

ကောင်းစံက သူငယ်ချင်းအိမ်မှာ သွားလည်သည်ကများသည်။

ကားလေးနှင့် ကြော့ကြော့မော့မော့ ပါသွားတတ်တဲ့ သူနဲ့ ရွယ်တူဖြစ်တဲ့ ကောင်းစံကို မြင်တွေ့ရလေတိုင်း သူတို့ဘဝတွေကိုလည်း အားကျမိသည်။

ကောင်းစံတို့လို သူဌေးဖြစ်အောင် ကြိုးစားမည်ဆိုသော ရည်ရွယ်ချက်က ရှင်းသန့်ဆီမှာ ပြည့်ဝ စွာရှိနေသည်။

*

ရှင်းသန့်ကို ဦးမျိုးဟန်က စံရိပ်ငြိမ်အိမ်ဆီသို့ နောက်ထပ်မသွားရန် တားဆီးထားသည်။ သားဖြစ်သူ ခံစားရတာ ကို သူမကြည့်ရက်ပါ။

ရှင်းသန့်က စံရိပ်ငြိမ်ခြံကြီးရှေ့သို့ တစ်နေ့တစ်ခေါက်မရောက်လျှင် အိပ်မပျော်အောင် ဖြစ်နေသည်။ စံရိပ်ငြိမ်အိမ်ကြီးကို သူလွန်စွာမြတ်နိုးသည်။ ထိုအိမ်ကြီးရဲ့ ခမ်းနားထည်ဝါမှုကို သိပ်ပြီး အားကျသည်။

“တစ်နေ့ကျရင် အဲဒီ လို အိမ်ကြီးနဲ့ နေနိုင်အောင် ငါကြိုးစားမယ်”

ခိုင်မာသော ဆုံးဖြတ်ချက်တွေ ရှင်းသန့်ရဲ့ ရင်ထဲမှာ ကိန်းအောင်းနေသည်။ စံရိပ်ငြိမ် အိမ်ကြီးကို တစ်နေ့ တစ်ခေါက်သွားပြီး သွားရည်ယိုစွာ ကြည့်ရသလို သွန်းအိမ်စံကိုလည်း နေ့တိုင်း တွေ့ချင်နေသည်။ သွန်းအိမ်စံနှင့်ကောင်းစံတို့ရဲ့ ဘဝကို အားကျနေသည်။ သူတို့လိုပဲ

ကြော့ကြော့မောမော့ အပူအပင်ကင်းစွာ နေရသော ဘဝကို ရယူပိုင်ဆိုင်ချင်သည်။

စံရိပ်ငြိမ်ခြံကြီး၏ ဘေးအုတ်ထရံနှင့် ကပ်လျက် ရှိနေသော သစ်ပင်ကြီးပေါ်တက်ပြီး ခြံဝန်းထဲသို့ ချောင်းရသည်မှာလည်း ရှင်းသန့်အတွက် အလုပ်တစ်ခုဖြစ်နေသည်။

ဂါဝန်အဖြူလေးနှင့် ပြေးလွှားဆော့ကစားနေသော သွန်းအိမ်စံကို ချောင်းကြည့်နေသည်။ သွန်းအိမ်စံ ပျော်ရွှင်မြူးထူးစွာ ကစားနေသည်ကို ကြည့်ပြီး သူ့မျက်နှာမှာလည်း အပြုံးတွေဝေနေသည်။

ခြံထဲသို့ ကောင်းစံပါ ဆင်းလာသည်။ ခွေးကလေးနှင့်မောင်နှမနှစ်ယောက် ပြေးလွှား ဆော့ကစားနေသည်။ ဝတ်ကောင်းစားလှတွေနှင့် ပျော်ရွှင်နေသော သူတို့ဘဝကို ကြည့်ပြီး သူ့ရင်မှာ အလိုလိုပျော်လာသည်။

သစ်ပင်ပေါ်မှာကြာကြာ ထိုင်ကြည့်နေချင်ပေမယ့်၊ အိမ်ကထွက်လာတာကြာပြီမို့၊ သစ်ပင်ပေါ်က ပြန်ဆင်းခဲ့ရသည်။ ဖခင်ကြီးသိလျှင်လည်း သူ့ကို ကောင်းကောင်းကြီးကို ဆူခံရမည်လေ။

သူနှင့် အိမ်နီးနားချင်း သူ့ဘဝထက်သာသော အခြေအနေမှာ ရှိနေသော၊ ချိုသဲနှင့်လမ်းမှာဆုံ သည်။ ချိုသဲက အကြည့်စူးစူးလေးနှင့် သူ့ကိုကြည့်ပြီး မေးသည်။

“ဘယ်လိုလဲ ရှင်းသန့်၊ နင်ဟိုအိမ်ကို သွားချောင်းပြီး ပြန်လာတာမဟုတ်လား”

အကြောင်းသိနေသော ချိုသဲက မကျေနပ်သည့် လေသံမာမာနှင့် မေးသည်။ ကောင်းစံ ကလည်း ခပ်တည်တည်နှင့် ပြန်ဖြေသည်။

“ဟုတ်တယ်”

“နင့်မှာလဲ အဲဒါက ရောဂါတစ်မျိုး”

“နင်ကလဲ လူသိအောင် အော်ကျယ်ကျယ် လုပ်မနေစမ်းပါနဲ့”

“နင့်ကို အမြင်ကတ်တယ်၊ မသွားပါနဲ့ဆို ပြောလို့မရဘူး၊ လူကိုလူလိုမမြင်တတ်တဲ့သူတွေကို ဘာလို့အထင်ကြီးနေရတာ လဲ”

ချိုသဲက မကျေနပ်စွာနှင့် ပြောသည်။ ကောင်းစံက သူ့အပေါ်မှာ အဆင့်အတန်းမခွဲခြားဘဲ၊ အမြဲတန်းတူ ဆက်ဆံခဲ့သော ချိုသဲကို ရှင်းသန့်က ဘယ်တုန်းကမျှ ခွန်းတုံ့မပြန်ပါ။ ချိုသဲဆူလျှင်လည်း ခံတတ်သည်။

“နင်ကလေ၊ တကယ်ပဲ ပြန်မပြောနားမထောင်ကြီး”

သွန်းအိမ်စံထက် နှစ်နှစ်လောက်ကြီးပြီး၊ ရှင်းသန့်ထက်သုံးနှစ်လောက်ငယ်သော ချိုသဲက ရှင်းသန့်ကို နင်နှင့်ငါ အသုံးအနှုန်းနှင့် တရင်းတနှီး ပြောတတ်သည်။ ငယ်ငယ်ကတည်းက အတူကြီးပြင်းလာကြ၍ မောင်နှမအရင်းအချာတွေလို ဖြစ်နေသည်။

“နင်လုပ်တာနဲ့ အဖေသိတော့မယ် ချိုသဲရယ်”

“သိပစေ”

“သိတော့ ငါအရိုက်ခံရမှာဟ”

ရှင်းသန့်အရိုက်ခံရမှာကိုတော့ ချိုသဲ လုံးဝမလိုလားပါ။ ရှင်းသန့် သွန်းအိမ်စံတို့ဆီသွားတာ မကြိုက်ပေမယ့် ဦးမျိုးဟန်ကိုတိုင်ပြောဖို့တော့ စိတ်ကူးမရှိပါ။

“နင်ဟာလေ ဘယ်လိုဝဋ်ကြွေးပါလာလဲမသိဘူး၊ အဲဒီ ဟာတွေကို ဆိုရင်စိတ်လဲမနာနိုင်ဘူး၊ မုန်းလဲမမုန်းနိုင်ဘူး”

ချိုသဲက မကျေမနပ် ပွစိပွစိ လုပ်နေသည်။ ရှင်းသန့်ကိုလည်း ဂရုဏာဒေါသနှင့်ကြည့်နေသည်။

“ဒါလောက် ဘဝင်မြင့်ပြီး အောက်ခြေလွတ်နေတဲ့ဟာတွေကို

ဘာအထင်ကြီးစရာရှိလဲ”

“သူတို့မှာ ဘဝင်မြင့်နိုင်တဲ့အခြေအနေရှိလို့ ဘဝင်မြင့်တာပဲဟယ်၊ ဘာလို့ အပြစ်တင်ရမှာလဲ”

“တော်စမ်းပါဟာ သူတို့အကြောင်းမပြောနဲ့၊ ငါအူပွလွန်းလို့ . . . ”

ရှင်းသန့်ကိုသာ စိတ်တိုတိုနဲ့ ဆွဲကိုင် လှုပ်ယမ်းပစ်လိုက်ချင်သည်။

ကျောင်းမှာ သွန်းအိမ်စံနှင့် ချိုသဲသည် အတန်းတူသည်။ ဒါပေမယ့် သွန်းအိမ်စံက ဘဝင်မြင့်လွန်း၍ ချိုသဲက အပေါင်းအသင်းမလုပ်။ ခပ်ရှောင်ရှောင်သာ နေခဲ့သည်။

“ကဲ . . . ရော့၊ ဒီမှာ နင်စားဖို့ တို့အိမ်မှာ မုန့်လုပ်လို့ ယူလာတာ”

စိတ်တိုတိုနှင့် လက်ထဲက မုန့်ထုပ်ကို ဆောင့်ကြီးအောင့်ကြီးနှင့်ပေးမိသည်။

“နင့်မှာလေ သွန်းအိမ်စံတို့နဲ့ ပတ်သတ်ရင်၊ မာနရောအရှက်ပါမရှိဘူး”

“ဟုတ်တယ်၊ သူတို့ကို ဆိုရင် ငါဘယ်လောက်ပဲ အောက်ကျရပါစေ၊ အောက်ကျခံပြီး ပေါင်းမယ်ဟာ”

“အရူး . . .”

ချိုသဲက စိတ်တိုတိုနှင့်ပင် ပျစ်ပျစ်နှစ်နှစ် ပြောသည်။ ရှင်းသန့်က စိတ်မဆိုးဘဲ ရယ်သည်။ သွန်းအိမ်စံကိုလည်း စိတ်ထဲက ပြောလိုက်သေးသည်။

“နတ်သမီးလေးရယ်၊ နင့်ကိုခင်ချင် လွန်းတာကို အရူးလို့ ခေါ်ချင်ခေါ်ကြပါစေ”

သွန်းအိမ်စံနှင့် ခင်မင်မှုကိုသာ ရမည်ဆိုလျှင် လောကကြီးမှာ သူဘာကိုပဲ ပေးဆပ်ရပါစေ၊ ပေးဆပ်ဖို့ အဆင်သင့်ဆိုတာ စိတ်ထဲက

ပြောနေပါသေးသည်။

မိုးပေါ်က လမင်းကြီးကို တမ်းတပြီး ငိုကြွေးသော ကလေးငယ်ရဲ့ ဘဝလိုပဲ၊ သွန်းအိမ်စံတို့ရဲ့ ခင်မင်မှုကို မျှော်လင့်တကြီး တမ်းတနေသည်။

"ကဲပါ၊ ဘာတွေတွေးပြီး ပြုံးနေတာလဲ၊ မုန့်စားလိုက်ဦး"

"အေးပါဟာ ချိုသဲရယ်၊ နင်ကလေ သိပ်ခင်စရာကောင်းတယ်နော်၊ သွန်းအိမ်စံသာ နင့်တစ်ဝက်ခင်ရင် ဘယ်လောက်ကောင်းမလဲ"

"လာပြန်ပြီလား၊ ဒီသွန်းအိမ်စံမပါရင် နင်စကားမပြောတတ်ဘူးလား"

ပြင်းထန်သော ချိုသဲရဲ့ မျက်စောင်းက သူ့ကိုလာရောက်ပြီး ထိမှန်သည်။ စပ်ဖြီးဖြီး မျက်နှာနှင့် ထိုမျက်စောင်းကို လက်ခံလိုက်သည်။

*

## (၇)

ကျောင်းမှာ မုန့်စားလွှတ်ချိန် အားလပ်ချိန်မှာ သွန်းအိမ်စံက သူငယ်ချင်းများနှင့် ပြေးလွှားဆော့ကစားနေသည်။ သွန်းအိမ်စံ ဆော့ကစားနေသည်ကို ချိုသဲက ခပ်လှမ်းလှမ်းကနေ ကြည့်နေသည်။

ကစားမက်သည့် သွန်းအိမ်စံက ဆက်ကစားနေသည်။ ထိခိုက်မိမှာကိုလည်း စိုးရိမ်ပုံမရှိ။ ပြေးလွှားရင်းနှင့် သစ်မြစ်တစ်ခုကို တိုက်ပြီးချော်လဲသည်။ မြေကြီးနှင့် ဒူးခေါင်း ပွန်းတိုက်မိပြီး ဒူးခေါင်း နှစ်ဖက်လုံးပွန်းပဲ့၍ သွေးတွေထွက်လာသည်။

ထိခိုက်မိလာတော့ သွန်းအိမ်စံက အာပြဲလျှာပြဲကြီးနှင့် အော်ငိုသည်။ ဆော့ကစားနေသော သူငယ်ချင်းများက ကစားမပျက် ပြေးလွှားနေသည်။ သွန်းအိမ်စံငိုနေသည်ကိုပင် ချော့ဖော်မရ။

ငိုကြီးချက်မဖြစ်နေတဲ့ သွန်းအိမ်စံ အနားသို့ ချိုသဲကပ်ခဲ့သည်။ သွန်းအိမ်စံဘဝင်မြင့်၍ ခပ်တန်းတန်းနေသော်လည်း သည်လို အနာတရ ရှိနေချိန်မှာ ပစ်မထားရက်ပါ။

“သိပ်နာသွားလား”

သွန်းအိမ်စံနားမှာ ဆောင့်ကြောင့်လေး ထိုင်ပြီးမေးသည်။ မျက်ရည်လည်ရွဲနှင့် သွန်းအိမ်စံက သူမကို ကြည့်သည်။

“အရမ်းနာတယ်”

“ငါတွဲသွားမယ်၊ ရုံးခန်းမှာ ဆေးသွားထည့်ကြရအောင်နော်”

“အင်း”

ချိုသဲက သွန်းအိမ်စံကို ဖေမကူညီတွဲပြီး ရုံးခန်းဆီသို့ခေါ်သွားသည်။ ဆရာမတစ်ယောက်က သွန်းအိမ်စံရဲ့ဒူးက ပွန်းပဲ့ ဒဏ်ရာများကို အရက်ပျံနှင့် ဆေးသည်။

“အား . . . စပ်တယ်၊ တော်ပြီ စပ်တယ်”

အရက်ပျံကြောင့် ဖျတ်ဖျတ်လူးစပ်ပြီး သွန်းအိမ်စံငိုပြန်သည်။ ချိုသဲက ယပ်တောင်ဖြင့် ပူစပ်ခြင်း သက်သာအောင် ကူညီခတ်ပေးသည်။

“ခဏလေး . . .၊ အနာမရင်းအောင် လုပ်ပေးတာ သွန်းအိမ်စံရဲ့”

ဆရာမကလည်း ချော့သည်။ ဆော့တုန်းက မီးကုန်ယမ်းကုန်ဆော့ပြီး ထိခိုက်လာတော့လည်း သည်းသည်းလှုပ်နေတဲ့ သွန်းအိမ်စံကို ချိုသဲက

ကြည့်နေသည်။ ဆရာမက ဆေးထည့်ပြီး အနာကို ပတ်တီးစည်းပေးသည်။

"ကဲ . . . မဆော့နဲ့တော့၊ အခန်းထဲမှာ သွားပြီးနေချေ"

"လာ သွန်းအိမ်စံ"

သွန်းအိမ်စံကို တွဲပြီး အခန်းဆီသို့ ချိုသဲက ခေါ်ခဲ့သည်။ မျက်ရည်လေးဝဲ၊ နှာတရှုံ့ရှုံ့နှင့် သွန်းအိမ်စံက လိုက်ပါလာသည်။ သွန်းအိမ်စံရဲ့ စားပွဲဆီသို့ ချိုသဲက လိုက်ပို့သည်။

"နာနေသေးလား"

"အင်း . . . "

ချိုသဲက ကြင်နာစွာမေးသည်။ ချိုသဲနှင့် အရောတဝင် မနေခဲ့သော သွန်းအိမ်စံက ခုမှ ချိုသဲကို သေသေချာချာလေ့လာ၍ ကြည့်သည်။ ကြင်နာတတ်တဲ့ ချိုသဲရဲ့ သဘောကိုသိရှိသွားသည်။

"ချိုသဲက သွန်းအိမ်ကို ဘာလို့ ကူညီတာလဲ"

"သူငယ်ချင်းမို့ပေါ့"

"သွန်းအိမ်က ချိုသဲနဲ့ စကားမပြောခဲ့ဘူးနော်၊ ဒါတောင် ချိုသဲက သူငယ်ချင်းလို့ ခေါ်တယ်"

"အတန်းထဲမှာ အတူတူတက်ကြတာပဲ သူငယ်ချင်းပဲပေါ့"

"ချိုသဲကို သွန်းအိမ်ခင်သွားပြီ"

"ငါကလဲ ခင်ပါတယ်"

အတူ ကစားသော သူငယ်ချင်းတွေက ကူညီဖော်မရသော်လည်း ချိုသဲက ကူညီသည်မို့ သွန်းအိမ်စံက ကျေနပ်နေသည်။ ကျေးဇူးတင်ရမည်ကိုတော့ သွန်းအိမ်စံ နားမလည်သေးပါ။

“ရော့ . . . ဒီမုန့်တွေ စားလိုက်ပါဦး”

စားပွဲအံဆွဲထဲက မုန့်ဘူးကိုဖွင့်ပြီး ချိုသဲကို သွန်းအိမ်က ကျွေးသည်။

“အဲဒီ မုန့်စားချင်လို့ ကူညီတာ မဟုတ်ဘူး”

ချိုသဲက မျက်နှာထားတည်တည်လေးနှင့် ပြောသည်။ သွန်းအိမ်စံတို့လောက် မချမ်းသာသော်လည်း အသင့်အတင့် ချမ်းသာသော ချိုသဲကလည်း သူ့မာနလေးနှင့် သူပါ။

“ရော့ . . . စားပါ ချိုသဲကလဲ”

“အဲဒါမျိုးမုန့်တွေ ငါတို့အိမ်မှာ စားနိုင်ပါတယ်”

“စားနိုင်မှန်းသိပါတယ် ချိုသဲရယ်၊ ငါက နင့်ကို ခင်သွားလို့ပါ၊ နင်က ငါ့ကို မခင်ချင်ဘူးလား”

“ခင်ချင်ပါတယ်”

မာန်မာနတွေကင်းစင်ပြီး ရိုးရိုးစင်းစင်းလေး ပြောလိုက်တော့ သွန်းအိမ်စံရဲ့ မျက်နှာ အမူအရာလေးက သိပ်ကို ချစ်စရာကောင်းနေသည်။ ချိုသဲက မခင်ချင်ဘူးလို့ တင်းခဲ့သော စိတ်တွေ အရည်ပျော်သွားသည်

“ခင်ရင် စားပါဟယ်၊ ဒါမှ ငါပျော်မှာ”

“ဒါဆို စားမယ်လေ”

“ဒီလိုမှပေါ့”

တစ်ယောက်မျက်နှာကို တစ်ယောက်ပြုံးပြုံးရယ်ရယ်နှင့် ကြည့်လိုက်ကြသည်။ တစ်တန်းတည်း အတူနေခဲ့သော်လည်း ခုမှ သူတို့နှစ်ယောက်ရဲ့ ခင်မင်မှုက အစပျိုးမိပါတော့သည်။

ရှင်းသန့်အပေါ် မောက်မာ ရိုင်းပျခဲ့၍ စိတ်ဆိုးခဲ့သော

စိတ်ထားတွေလည်း တဖြည်းဖြည်း အရောင်မှိန်သွားပါတော့တယ်။

*

ထိုနေ့ညနေက ချိုသဲက ရှင်းသန့်ဆီသို့ ရောက်သွားသည်။ နေ့လယ်က ကျောင်းမှာ ဖြစ်ခဲ့သော အကြောင်းအရာများကို ရှင်းသန့်အားပြောပြသည်။ ရှင်းသန့်က ပြုံးပြုံးကြီးနှင့် နားထောင်နေသည်။

"နင်လဲ သူ့ကိုခင်သွားပြီမဟုတ်လား"

"အင်း . . . ခင်သွားပြီ၊ ဒါပေမယ့် နင့်ကိုခင်သလောက် သူ့ကိုမခင်ဘူး"

"တကယ်ပြောတာ နင်ဟာထာဝရင့်ါရဲ့ အခင်ဆုံးပဲ"

"ကျေးဇူးတင်ပါတယ် ချိုသဲရယ်"

သူငယ်ချင်းနှစ်ယောက် ရယ်မောပြီး စကားတွေပြောကြသည်။ ထိုစကားထဲမှာ သွန်းအိမ်စံရဲ့ အကြောင်းက တော်တော်များများပါသည်။

"သွန်းအိမ်စံကို နင်နဲ့ခင်ဖို့ ပြောပေးရမလား"

"မလုပ်ပါနဲ့ဟာ၊ တော်ကြာ နင့်ကိုပါ သူမုန်းသွားလိမ့်မယ်"

"နင့်ကို သိပ်ခင်စရာကောင်းတဲ့သူကို သွန်းအိမ်စံက ဘာလို့ မုန်းတာလဲ မသိဘူးနော်"

"သူ ဘာကြောင့် မုန်းတာလဲဆိုတာ ငါစဉ်းစားလို့ မရဘူးဟာ"

"အဲဒီ အတွက် စိတ်မကောင်း မဖြစ်ပါနဲ့ဟာ၊ သူမခင်လဲ ဘာအရေးလဲ၊ နင့်ကိုခင်တဲ့လူတွေ အများကြီးရှိတာပဲ"

"အဲဒီ အများကြီးရှိနေတဲ့ လူတွေထက် သွန်းအိမ်စံ ခင်တာကို ငါက လိုချင်တာ"

"နင်ကလဲ အရူးပဲ၊ ကိုယ့်ကို အရေးမလုပ်တဲ့လူကိုများ အောက်ကျနောက်ကျနိုင်ပါတယ်ဟာ"

ရှင်းသန့်ရင်ထဲမှာ သွန်းအိမ်စံကို ဘယ်လိုမှ မုန်းလို့မရသလို အမြဲတမ်း အကောင်းမြင်သော အမြင်များနှင့်သာ ကြည့်မိသည်။

"သွန်းအိမ်စံနဲ့ စကားမပြောရရင်လဲ နေပါစေ၊ မခင်ရရင်လဲနေပါစေ၊ ငါ့စိတ်ထဲမှာ သူ့ကိုခင်နေရရင် ကျေနပ်ပါတယ်ဟာ"

ရှင်းသန့်ရဲ့ စိတ်နေစိတ်ထားကို နားမလည်နိုင်ပါ။ စိတ်ထဲမှာ ပြည့်ဝစွာ ကျေနပ်ခြင်း မရှိသော်လည်း ဘာမှ ထပ်ပြီး မဝေဖန်တော့ပါ။

"အေးလေ . . . နင်စိတ်ချမ်းသာရင် ပြီးတာပဲ၊ သွန်းအိမ်စံက နင့်ကို ခင်လာရင် ကောင်းမှာနော်"

"မမျှော်လင့်ရဲပါဘူး"

"တခြားသူတွေအပေါ်မှာ သွန်းအိမ်စံ သိပ်ပြီးမဆိုးပါဘူး၊ နင့်အပေါ်မှာ ဘာလို့ သူရန်လိုနေလဲ မသိဘူး"

"ငါ့ရဲ့ ကုသိုလ်ပေါ့ဟယ်"

"သူ့အစ်ကို ကောင်းစံကိုရော နင်တွေ့ပြီးပြီးလား"

"တွေ့တော့တွေ့ဖူးပါတယ်၊ စကားတော့ မပြောဖူးပါဘူး"

"နင့်အဖေရော၊ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်၊ သူတို့အဖေကြီးက သဘောထား ပြည့်ဝပါတယ်"

"သွန်းအိမ်စံက အိမ်မှာသိပ်ပြီး အလိုလိုက်ခံထားရလို့

ဆိုးတာထင်တယ်”

“ရုပ်ကလေးက ကြွေရုပ်လေးလို လှတယ်နော်၊ သူဟာ ငါ့ညီမလေးဆိုရင် ငါ သိပ်ချစ်မှာပဲ”

သွန်းအိမ်စံကို သိပ်ပြီး အရေးပေးနေတော့၊ ချိုသဲရင်ထဲမှာ မနာလိုစိတ်ပင် ဝင်လာသည်။

“ငါနဲ့ သွန်းအိမ်စံ ဘယ်သူ့ကို နင်ပိုခင်လဲ”

ချိုသဲက အပြုံးစစနှင့် ရှင်းသန့်က ကြည့်ပြီး ပြောသည်။

“နင်က ငါ့ရဲ့ အခင်ရဆုံးသူငယ်ချင်းပါ ချိုသဲရယ်”

ထိုစကားကို ချိုသဲ သိပ်ကို ကျေနပ်သွားသည်။ ရှင်းသန့်ကိုပြုံးပြုံးကြီး လှမ်းကြည့်သည်။

“ငါကလဲ နင့်ကို အခင်ဆုံး”

ချိုသဲ ပြန်သွားမှ ရှင်းသန့်က စံရိပ်ငြိမ် ဂေဟာဆီသို့ပြေးသည်။

သည်နေ့၊ သွန်းအိမ်စံကို မတွေ့ရသေးဘူး မဟုတ်လား၊ သွန်းအိမ်စံကို ခြံထဲမှာ တွေ့ရသည်။ ခါတိုင်းလို ခွေးနှင့်ဆော့ကစားနေခြင်း မဟုတ်ဘဲ၊ မာလီကြီးနှင့် သစ်ပင် ကူစိုက်နေသည်။

ထူးဆန်းသောမြင်ကွင်းကို ရှင်းသန့် တွေ့ရှိသည်။ သွန်းအိမ်စံက သစ်ပင်စိုက်နေသည်တဲ့လေ။

“ဦးဦး၊ ဒီပန်းစေ့လေးတွေကနေ အပင်ပေါက်မှာ သေချာတယ်နော်”

“ပေါက်မှာပါ၊ ကလေးရဲ့”

“အဲဒါလေးတွေကို သွန်းအိမ်စိုက်တာနော်၊ အပင်ပေါက်ပြီးပန်းပွင့်ရင်၊ သွန်းအိမ်နဲ့ပဲ ဆိုင်တယ်”

မာလီကြီးက၊ နီရဲသော ကွမ်းစားထားသည့် သွားများပေါ်အောင် ရယ်သည်။

“ကလေးရယ်၊ ဒီခြံထဲက ပန်းတွေအားလုံးက ကလေးပိုင်တာပဲလေ”

“မဟုတ်ဘူး သွန်းအိမ်က ကိုယ့်လက်နဲ့ကိုယ် စိုက်တဲ့ပန်းကိုမှ လိုချင်လို့”

“ဘာလုပ်ဖို့လဲကွယ်”

“သွန်းကိုယ်တိုင်စိုက်တာလို့ ပန်းပေးပြီး ဆရာမကို ကြွားမလို့ ”

“အော် . . . ဟုတ်လား”

သွန်းအိမ်စံက လူတတ်ကြီးလုပ်၍ ပင် ပန်းမျိုးစေ့တွေကို ပျိုးနေသည်။ သွန်းအိမ်စံရဲ့ လှုပ်ရှားသွားလာနေပုံကို ခဏသာချောင်းပြီး ရှင်းသန့် သစ်ပင်ပေါ်က ဆင်းခဲ့သည်။

*

## (၈)

ဦးမျိုးဟန်တစ်ယောက် အရက်လုံးဝ မပြတ်သေးပေမယ့် ယခင်ကလောက် မသောက်တော့ပါ။ တာဝန်ကျနေချိန်မှာလည်း ဦးထွန်းစံချထားသော စည်းကမ်းအတိုင်း တစ်သဝေမတိမ်းလိုက်နာနေသည်။

မြို့ကလူတွေကတောင် ဝေဖန်နေကြသည်။ ဦးမျိုးဟန်တစ်ယောက် ခုမှ နောင်တရသည်လို့ ချီးကျူးကြသေးသည်။

ဦးမျိုးဟန်နှင့် ပုလင်းတူဘူးဆို့ အရက်သောက်ဖော်သောက်ဖက်ဖြစ်သော ဦးတင်လှက အိမ်ကို ရောက်လာတတ်သေးသည်။

"ဘယ်လိုလဲ ကိုမျိုးဟန်၊ ခင်ဗျား အခုမှ အကျွတ်တရားရနေပြီလားဗျ"

ရန်တွေ့နေသော ဦးတင်လှက လျှာလေး အာလေးကြီးနှင့်ပြောသည်။ ဦးမျိုးဟန်နှင့်အတူ အရက်မသောက်ရသည့်အတွက် ငေါင်စင်းစင်းကြီး ဖြစ်နေပြီး မကျေမနပ်စိတ်လေး ဖြစ်နေသည်။

"သားလေးအတွက် ကျုပ်ဆင်ခြင်ရမယ်လေ၊ သားလေးခမျာမှာလဲ ကျုပ်မူးမူးရူးရူးနဲ့ဆိုတော့ ဒုက္ခရောက်ရတယ်လေ"

"တစ်ချိန်က ဒီလိုနေလာပြီးမှ ခုမှ အထူးအဆန်းလုပ်လို့ဗျာ"

"ဟုတ်ပါတယ်၊ တစ်ချိန်လုံး မကောင်းခဲ့လို့ ခုကောင်းအောင် ကြိုးစားကြည့်နေတာ"

"ဒေါင်းကလဲဒေါင်း ကျီးကလဲကျီးပဲလေ၊ အရက်သမားကလဲ အရက်သမားပဲပေါ့၊ ခင်ဗျားက အဓိပ္ပာယ်မရှိ အရောင်ပြောင်းချင်နေတာကိုး"

ဦးတင်လှက လျှာလေးအာလေးကြီးနှင့် သူ့ကို အပြစ်တင်သည်။ ဦးတင်လှ သူ့အပေါ်မှာ တော်တော်မကျေနပ်နေသည်ကို ဦးမျိုးဟန်က သိသည်။ ဒါကြောင့် သူကျေနပ်အောင် သူယူလာသော ပုလင်းထဲက အရက်ကို ငှဲ့သောက်ပစ်လိုက်သည်။

"ဒီလိုမှပေါ့ဗျာ၊ တစ်ယောက်တည်းသောက်ရတာ ငေါင်စင်းစင်းနဲ့ ဖီလင်မလာဘူး၊ ဟောဒီ အမြည်းလဲ မြည်းလိုက်ဦး"

ဦးတင်လှက ဖမ်းသာအားရနှင့် ပလစ်စတစ်အိတ်နှင့် ဝယ်လာသော ကြက်သားသုပ်ကို လှမ်းပေးသည်။ ဦးမျိုးဟန်က ကြက်သားသုပ်ကို ယူပြီး

ကြွေရည်သုတ်ပန်းကန်ထဲသို့ထည့်ပြီး ဇွန်းတပ်ကာ ကပြင်ဆီသို့ ပြန်လာသည်။

"ရော့ . . . ထပ်ထည့်ဦး၊ ဒီနေ့ ကျုပ်က ဒကာဗျ၊ ကြိုက်သလောက်သာသောက်"

ဦးတင်လှက စေတနာတွေ ဗရပွနှင့် အရက်ကို ငှက်ပျောဖူးပုလင်းထဲကနေ ဖန်ခွက်ထဲသို့ ထည့်ပေးသည်။ စကားတပြောပြော ရယ်လိုက်မောလိုက်နှင့် သောက်ကြသည်မှာ အရက်နှစ်လုံးကုန် သွားသည်။

ဦးမျိုးဟန်ရော၊ ဦးတင်လှပါ စိုက်သွားကြသည်။ ကျောင်းကပြန်လာသော ရှင်းသန့်က ထိုအဖြစ်ကို မြင်ပြီး ရင်နင့်စွာ ခံစားရပြန်သည်။

လူမြင်မကောင်း သူမြင်မကောင်း ကြမ်းပြင်ပေါ်မှာ ခွေခွေခေါက်ခေါက်လဲနေသောဖခင်ကို ပွေ့ထူသည်။

"အဖေရယ် ခက်လိုက်တာ၊ အရက်တွေ ပြန်သောက်ပြန်ပြီလားဗျာ"

စိတ်ထိခိုက်စွာနှင့် ဖခင်ကို ပွေ့ထူပြီး ပြောသည်။ ညနေ အလုပ်ဆင်းရမည့်ဖခင်။ သည်အတိုင်းဆို အလုပ်ဆင်းနိုင်ပါ့မလား။ ပူပင်ကြောင့်ကြစွာနှင့် တွေးမိလေသည်။

ဦးတင်လှက ပြန်သွားပြီမို့ ရှင်းသန့်က မတွေ့လိုက်ပါ။ မှောက်နေသော ဖခင်ကို အိမ်ထဲသို့ တွဲခေါ်ပြီး သိပ်ထားသည်။ ညနေ အလုပ်ချိန်နီးနေပါပြီ။ ဦးမျိုးဟန်က အမူးမပြေသေးပါ။ အမူးပြေအောင် ရှင်းသန့် ကြိုးစားသော်လည်း မရ။

"အဖေရယ်၊ ဘယ်လောက်တောင်များ သောက်လိုက်ရသလဲဗျာ"

စိတ်ပျက်စွာနှင့် ဖခင်ကို ကြည့်ပြီး ညည်းတွားလိုက်သည်။ ညနေ အလုပ်ဆင်းချိန် ရောက်သည်အထိ ဦးမျိုးဟန်က မထနိုင်ပါ။ သည်တော့ သူဌေးဦးထွန်းစံ စိတ်ဆိုးမှာ စိုး၍ အလုပ်မဆင်း နိုင်သည့်အကြောင်းကို

အကျိုးအကြောင်း သွားပြောရဦးမည်သာ။

သွန်းအိမ်စံက ဘယ်တော့မှ မလာနှင့်လို့ ပြောထားသော စံရိပ်ငြိမ် အိမ်ကြီးဆီသို့ ရှင်းသန့်က မရဲတရဲနှင့် လာခဲ့သည်။ လူလူချင်း ကြောက်စရာမလိုဘူး ဆိုသော စိတ်ဓာတ် ရှင်းသန့်မှာ ရှိသော်လည်း သွန်းအိမ်စံ စိတ်အနှောင့်အယှက် ဖြစ်မှာ စိုး၍ ထိုဂေဟာသို့ မသွားချင်သည်သာ။

စံရိပ်ငြိမ်ဂေဟာကြီးရဲ့ ခြံစောင့်ထံမှ ခွင့်တောင်းပြီး ဝင်ခဲ့သည်။ ဧည့်ခန်းထဲသို့ မဝင်ရဲ၍ အိမ်ပြင်ကပဲ အိမ်ဖော်တစ်ယောက်ကို သွားပြောခိုင်းသည်။

"အဖေ နေမကောင်းလို့ ဒီနေ့ အလုပ်မဆင်းနိုင်တဲ့အကြောင်း ပြောပေးပါ"

"အေး . . . ဒီမှာ ခဏစောင့်နေ၊ သူဌေးကို သွားပြောပေးမယ်"

အိမ်အပြင် တံခါးဝနားမှာ ရှင်းသန့်က အူကြောင်ကြောင်နှင့် ရပ်စောင့်နေသည်။

ဦးထွန်းစံက အလုပ်မဆင်းသော ဖခင်ကို စိတ်မဆိုးပါစေနှင့်လို့သာ မျှော်လင့်နေသည်။

ပြေးလာသော ခြေသံသေးသေးကို ရှင်းသန့်ကြားသည်။ မကြာပါ။ သူ့ရှေ့မှောက်ကို ဂါဝန်ပြာလေးနှင့် သွန်းအိမ်စံ ရောက်လာသည်။

သူ့ကို ရန်လိုသော အကြည့်နှင့် ကြည့်ပြီး နှုတ်ခမ်းကို စူထော်လိုက်သည်။

"ငါတို့အိမ်ကို ဘာလာလုပ်တာလဲ၊ နင့်ကိုမလာနဲ့လို့ ပြောထားတယ် မဟုတ်လား"

"သူဌေးကြီးဆီကို လာတာပါ"

"အဲဒီ သူဌေးကြီးဆိုတာ ငါ့အဖေ၊ နင်က ငါ့အဖေဆီ ဘာလာလုပ်တာလဲ"

ခါးလေးထောက်ပြီး ဟန်ချီကာ ပြောနေသည့် သွန်းအိမ်ပုံစံက အရွယ်နှင့်မလိုက်အောင် ကြီးကျယ်လွန်းနေသည်။ သွန်းအိမ်စံရဲ့ပုံစံက သိပ်ကို အမြင်ကတ်စရာကောင်းနေသည်။ ဒါပေမယ့် ရှင်းသန့် စိတ်ထဲမှာ တစ်ချက်ကလေးမှ မမုန်းတီးမိပါ။

"ခု ခြံထဲက ထွက်သွားစမ်း"

တံခါးဝနားဆီသို့ ထွက်လာသော ဦးထွန်းစံက ထိုစကားကို ကြားလိုက်ရသည်။ သွန်းအိမ်စံ အသားလွန်ဗိုက်ကျနေသည်ကို သိလိုက်ပြီ။

"သမီးလေး၊ ဘာလို့ ရှင်းသန့်ကို မောင်းထုတ်နေတာလဲ"

"သွန်းအိမ်စံတို့ခြံထဲ ဝင်တာ မကြိုက်လို့ပေါ့ ဖေဖေရ"

"သူများကို အဲလိုမပြောရဘူးလေ၊ သူက ကိစ္စနဲ့လာတာ သမီးရဲ့"

နောက်ထပ် သွန်းအိမ်စံ ဘာစကားမျှ မဆိုသော်လည်း နှုတ်ခမ်းလေး ပွစိပွစိလုပ်ပြီး ရှင်းသန့်ကို မျက်စောင်းထိုးနေသည်။

"မင်းအဖေ ဘာဖြစ်လို့လဲ ရှင်းသန့်"

"နေမကောင်းလို့ပါ သူဌေး၊ ကျေးဇူးပြုပြီး ဒီတစ်ည ခွင့်ပေးပါ ခင်ဗျာ"

"အေး . . . မနက်ဖြန်တော့ ဆင်းနိုင်မယ်ပေါ့"

"ဟုတ်ကဲ့ခင်ဗျ"

"အေး အေး"

"ကျွန်တော့်ကို သွားခွင့်ပြုပါ"

ရည်မွန်သော ရှင်းသန့်ရဲ့ ဆက်ဆံပြောဆိုမှုကို ဦးထွန်းစံက တွေ့ရှိရပေသည်။ ဆင်းရဲနုံချာသော အဝတ်တန်ဆာများ ဆင်ထားသော်လည်း ရုပ်ရည်သန့်ပြန့်သော ရှင်းသန့်ကို သတိထားမိသည်။

"ဖေဖေက အဲဒီ ဆင်းရဲသားကို ဘာလို့ အရေးလုပ်ပြီးပြောနေတာလဲ"

"ဟဲ့သမီး၊ အဲလိုမပြောရဘူးကွယ်၊ ဆင်းရဲသားလဲ လူပဲကွယ်"

သွန်းအိမ်စံရဲ့ စိတ်ဓါတ်ကို မြင်ရသော ဦးထွန်းစံရင်မှာ တစ်ခါတစ်ရံ သိပ်ကိုလေးလံနေသည်။

"သူ့အဖေက အရက်သမားတဲ့ ဖေဖေ၊ သိပ်မုန်းစရာကောင်းတယ်တဲ့"

"သမီးကို ဘယ်သူပြောလဲ"

"ကျောင်းမှာ ပြောလို့သိတာ၊ သမီးသူငယ်ချင်းတစ်ယောက်က ပြောတယ်၊ နင့်အဖေက အရက်သမားကြီးကို ညစောင့်ခန့်ထားတယ်တဲ့၊ နင့်တို့စက်ရုံကုန်တော့မှာပဲလို့ ပြောတယ်သိလား ဖေဖေရဲ့"

တချို့လူတွေများ အလုပ်မရှိ၊ သူများအကြောင်းပြောဖို့ ဝါသနာပါကြတာကိုးလို့ ဦးထွန်းစံကောက်ချက်ချသည်။

"ဒီ အရက်သမားကြီးကို အလုပ်ထုတ်ပစ်လိုက်ပါလား"

"သမီးနော် သူများပြောတိုင်း လျှောက်မပြောရဘူး ကလေးက ကလေးလိုပဲနေကွယ်"

ဖခင်ရဲ့မျက်နှာ မကြည်မသာကိုကြည့်ပြီး သွန်းအိမ်စံက အနားကထွက်သွားသည်။ ခြံထဲမှာ ပြေးကစားရင်းနှင့် ရှင်းသန့်ကိုလည်း မေ့သွားသည်။ ဖခင်ကို မကျေနပ်သည့်စိတ်လည်း ပျောက်သွားသည်။

*

နောက်တစ်နေ့ နံနက်မှ ဦးမျိုးဟန်က ခေါင်းကြည်ကြည်သာသာရှိပြီး ထလာသည်။ အရက်နာကျပြီး မျက်နှာက ညှိုးနေသည်။

"အဖေရယ်၊ အရက်လျှော့သောက်မယ်ဆိုပြီး မနေ့က ဘယ်လိုဖြစ်သွားတာလဲ"

"တင်လှကို အားနာတာနဲ့ သောက်လိုက်မိတယ် သားရယ်"

"အလုပ်ပျက်ရတာ ဘယ်လောက်အားနာစရာကောင်းလဲ အဖေ၊ ကျွန်တော်က ဦးထွန်းစံကို ခွင့်သွားတိုင်ခဲ့ရတယ်၊ အဖေ နေမကောင်းဘူးလို့ ညာပြောလိုက်ရတယ်"

"ဟုတ်လား၊ သူက ဘာပြောလဲ"

"ဒီနေ့ကော ဆင်းနိုင်ပါ့မလား မေးလို့ ဆင်းနိုင်တယ်လို့ ပြောခဲ့တယ်"

စိတ်ပျက်နေတဲ့ ရှင်းသန့်ကို ကြည့်ပြီး သူ့ပခုံးကို ပုတ်လိုက်သည်။

"နောက်တစ်ခါ အဖေ ဒီလို အလွန်အကျွံမသောက်တော့ဘူးသားရယ်"

ဦးမျိုးဟန်ရဲ့ စကားကို နည်းနည်းကျေနပ်သလို ရှိသော်လည်း ပြည့်ဝစွာ မယုံကြည်ပါ။ ဦးမျိုးဟန်က သားကို မျက်နှာချိုသွေးနေသည်။

"သား ကျောင်းသွားရမှာ မဟုတ်လား၊ ဘာစားပြီးပြီးလဲ"

"ထမင်းကျက်လို့ စားပြီးပြီ၊ အဖေ့အတွက် အုပ်ဆောင်းထဲမှာ ခူးခပ်ခဲ့တယ်"

"ဟုတ်ပြီး၊ သားကျောင်းသွားတော့လေ"

"ဟိုလူကြီးနဲ့ အရက်သောက်မနေနဲ့ဦးနော် အဖေ"

"စိတ်ချစမ်းပါ သားရယ်"

ရှင်းသန့်ရဲ့ ရင်ထဲမှာတော့ တကယ်ပဲ စိတ်မချပါ။ သူကျောင်းသွားနေခိုက် ဦးတင်လှ ရောက်လာပြီး ဖခင်နှင့် အရက်သောက်မှာကို လွန်စွာ စိုးရိမ်နေသည်။

*

ရှင်းသန့်နှင့် ချိုသဲ ညနေမှာ တွေ့ကြသည်။ ချိုသဲရဲ့ မျက်နှာက သုန်သုန်မှုန်မှုန် ဖြစ်နေသည်။

"ချိုသဲ နင်အိမ်မှာ ဘယ်သူနဲ့ စိတ်ကောက်လာလဲ"

"မကောက်ပါဘူး၊ နင့်ကိုမကျေနပ်နေတာပါ"

"ငါက ဘာလုပ်လို့လဲဟာ"

"နင် ဟို . . . စံရိပ်ငြိမ် အိမ်ကြီးကို သွားတာ၊ နင့်ကို သွန်းအိမ်စံက နှင်ထုတ်လွှတ်လိုက် တယ်ဆို"

"အင်း"

"အရှက်မရှိဘူးလား၊ ဘာလို့ အဲဒီ အိမ်ကို သိပ်သွားချင်နေရတာ လဲ"

"အလကားသွားတာမှ မဟုတ်တာ ချိုသဲကလဲ၊ အဖေ အလုပ်မဆင်းနိုင်လို့ သူဌေးဆီ သွားခွင့်တောင်းတာ . . ."

"နင့်အဖေ အရက်နာကျလို့ မဟုတ်လား"

"အင်း"

“ဒုက္ခပါပဲ၊ နင့်အဖေကလဲ အရိုးဆွေးတောင် ဒီအကျင့်ပျောက်မှာ မဟုတ်ဘူး”

“အင်း၊ လူကြီးတွေအကြောင်း ပြောရတာ ငရဲကြီးပါတယ် ချိုသဲရယ် အဖေရဲ့ အကျင့်ဆိုးက ငါ့ကို ငရဲပေးသလို ဖြစ်နေပြီ၊ တစ်ခါတစ်ခါ စိတ်မထိန်းနိုင်လို့ ပြောမိတဲ့အတွက် ငါငရဲကြီးမှာ သေချာတယ်”

“ဟုတ်တယ်၊ လူကြီးတွေက လူကြီးလို မသိတတ်ဘဲ မကောင်းရင် လူငယ်တွေ ငရဲကြီးတယ်”

“အဖေက မရတော့ဘူး ထင်တယ်၊ အရက်ကို သားထက်ချစ်နေပြီ ချိုသဲရ”

“အေးလေ၊ နင့်ဘဂကလဲ ဆိုးကိုဆိုးပါတယ်”

“အမေသာရှိရင် အဖေ့ကို ထိမ်းနိုင်မှာ၊ ခုတော့ ငါကလဲ ကလေးဆိုတော့ အဖေက ငါ့ကို ဂရုမစိုက်ဘူး”

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ မိခင်ကို တမ်းတရင်း လွမ်းဆွေးနေသည်။ မိခင် ဆုံးသွားပြီးမှ ဦးမျိုးဟန် အရက်သမားဘဂကို ရောက်ခဲ့သည်လေ။

“ကဲပါဟယ် စိတ်ညစ်စရာတွေ ခဏမေ့ထားလိုက်ပါ ငါဒီသင်္ချာတစ်ပုဒ် နားမလည်လို့ ပြပေးစမ်းပါဦး”

ချိုသဲက သူ့ထက် အတန်းလည်းကြီး သင်္ချာလည်းတော်သောရှင်းသန့်ကို သင်္ချာပြပေးခိုင်းနေ သည်။ သည်လိုပါပဲ။ ချိုသဲက သူနားမလည်သည့်စာကို ရှင်းသန့်အား အမြဲသင်ပြခိုင်းသည်။

“ဘယ်မလဲ ပြလေ”

“ဒီအပုဒ်ကို လုံးဝနားမလည်ဘူး၊ နောက်ပြီး သိပ်နားမလည်တာတွေလဲရှိတယ်၊ ပြပေးနော်”

“အင်းပါ”

ရှင်းသန့်က စိတ်ရှည်လက်ရှည် သင်ပြပေးသည်။ ချိုသဲကလည်း သင်ပေးသမျှကို နာယူသည်။

“စာမေးပွဲနီးပြီ စာကျက်နော်”

“ကျက်ပါတယ်၊ နင်ရောကျက်ဖြစ်ရဲ့လား”

“ခု ငါက တခြားအလုပ်မရှိတော့၊ ကျက်ဖြစ်ပါတယ်”

ဉာဏ်ကောင်းသော်လည်း အခြေအနေအရ ပြည့်ဝစွာ ပညာရေးကို အချိန်မပေးနိုင်၍ ရှင်းသန့်က ထူးချွန်သင့်သလောက် မထူးချွန်ပါ။ ချိုသဲက ရှင်းသန့်ရဲ့ ဘဝကို ကြည့်ပြီး အားမလို အားမရပင် ဖြစ်မိပါသေးသည်။

*

ကျောင်းမှာ ချိုသဲက သွန်းအိမ်စံက သင်္ချာတော်နေသည်။ သွန်းအိမ်စံက အိမ်စာပေးလိုက်သော သင်္ချာအချို့ကို မတွက်တတ်၍ မတွက်ခဲ့ပါ။ အိမ်မှာ ဖခင်က ဆရာခေါ်၍ သင်ပေးခဲ့သည်။ ဆရာက နေမကောင်း၍ သုံးလေးရက် ပျက်ခဲ့သဖြင့် သင်္ချာနှင့်ပတ်သက်ပြီး သွန်းအိမ်စံ ဒုက္ခရောက်နေသည်။

“မနေ့က အိမ်စာတွေ ပြီးခဲ့လား ချိုသဲ”

ကျောင်းရောက်ပြီး ချိုသဲကို သွန်းအိမ်စံက မေးသည် ချိုသဲက ခပ်သွက်သွက်လေးပင် ပြန်ဖြေသည်။

“ပြီးခဲ့တာပေါ့”

“ဒုတိယအပုဒ် နင်ရလား”

"ရတာ ပေါ့"

"နင်က သိပ်တော်တာပဲ"

"ငါတော်လို့ မဟုတ်ဘူး၊ ရှင်းသန့်တော်တာ၊ ရှင်းသန့်သင်ပေးလို့ပေါ့"

ဝင့်ကြွားသော မျက်နှာလေးနှင့် ချိုသဲက ပြောသည် သွန်းအိမ်စံက မျက်လုံးစုစုလေးနှင့် ချိုသဲကို ကြည့်နေသည်။

"အဲဒီ ရှင်းသန့်က စာတော်လို့လား"

"သိပ်တော်တယ် အထူးသဖြင့် သင်္ချာကိုပိုပြီး တော်တယ်"

"သူ ဘယ်လိုတော်တော် ငါကတော့ အထင်မကြီးပါဘူး"

ချိုသဲ စိတ်တိုသွားသည်။ ဒါကြောင့် ဘုကန့်လန့်ပင် သွန်းအိမ်စံအား ပြန်ပြောသည်။

"နင့်ကိုလဲ ဘယ်သူကမှ မထင်မကြီး ခိုင်းပါဘူး"

"ရှင်းသန့်ကို ထိရင် နင်က ဆတ်ဆတ်ထိမခံဘဲ"

"ဟုတ်တယ် ရှင်းသန့်ကိုငါသိပ်ခင်တယ်၊ သူကသိပ်ပြီး သဘောကောင်းတယ်"

"ငါ့ ထက် ပိုခင်တယ်ပေါ့"

"နင့်စိတ်ဆိုးရင်ဆိုး ငါမှန်တာ ပြောရရင် သူ့ကို ပိုခင်တယ်၊ သူကငါနဲ့ ငယ်ငယ်လေးကတည်းက ခင်ခဲ့တာပဲ"

ချိုသဲကို သိပ်ပြီးမကျေနပ်သော်လည်း သွန်းအိမ်စံက ဘာမှမပြောပါ။ ရှင်းသန့်ကိုတော့ ဘယ်လိုမှ အထင်ကြီးစိတ်မရှိ။ ရှင်းသန့်ကို သွန်းအိမ်စံ သိပ်ကိုမုန်းပါသည်။

*